# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၆၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးနှင့် ပညာအပြည့်အဝသင်ကြားနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်း စသည့်လေးဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊

စာမျက်နှာ ၃ ကော်လံ ၁ ✻


**ယနေ့ ဖတ်စရာ**

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဟန်ဂေရီသမ္မတနိုင်ငံ) — ဆောင်းပါး စာ - ၈

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပမည် — ပြည်တွင်းသတင်း စာ - ၁၁

ဥရောပသမဂ္ဂအပါအဝင် နိုင်ငံသုံးနိုင်ငံက ဘီလာရုဇ်နိုင်ငံအပေါ် ပိတ်ဆို့မှု ပြစ်ဒဏ်ချ — နိုင်ငံတကာသတင်း စာ - ၁၄

မြန်မာ့အလင်း

# ပျော်ရွှင်ကျန်းမာ လုံခြုံစွာဖြင့် ပညာသင်ယူနိုင်ကြစေရေး

၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို နိုဝင်ဘာ ၁ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသူကျောင်းသား ကလေးငယ်များ ပျော်ရွှင်စွာဖြင့် ပညာသင်ယူလျက်ရှိကြသည်။ သို့ရာတွင် အခြေခံအကြောင်းအရာကြီး နှစ်ချက်ကြောင့် ရာခိုင်နှုန်းပြည့် သင်ယူနိုင်ကြခြင်းမရှိသေး။ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအခြေအနေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့တွင် ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်သေးသကဲ့သို့ လုံခြုံရေးအခြေအနေအရ ကျောင်းမဖွင့်နိုင်သေးသည့် မြို့နယ်များလည်း ရှိနေသည်။

“ကျွန်တော်တို့က ကျောင်းတွေ ဖွင့်ထားတာ။ ကျောင်းတွေ၊ ကလေးတွေ ကျောင်းတက်နေကြပြီ။ ကျောင်းတက်နေတော့ ဒီကလေးတွေ ပညာသင်ကြားရေးမှာ ဘယ်လိုမှ ထိခိုက်ခံလို့မရဘူး။ အထိခိုက်ခံလို့ မဖြစ်ဘူး။ သူတို့ကို ကျန်းကျန်းမာမာနဲ့ မတ်လကုန် ကျွန်တော်တို့ စာမေးပွဲပြီးတဲ့အထိ ကျောင်းတက်နိုင်ဖို့လိုတယ်၊ ကျန်းကျန်းမာမာ တက်နိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ တက်နိုင်ဖို့လိုတယ်။ သူတို့တင်မဟုတ်ဘူး။ ပညာရေးဝန်ထမ်းတွေလည်း ဒီအတိုင်းပဲ။ ကျန်းကျန်းမာမာနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ ဒါကို ကျွန်တော်တို့က တော်တော်ဂရုစိုက်ရမှာ ဖြစ်ပါတယ်။” ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၁) သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ လေးလတာမျှကြာမြင့်မည့် ပညာသင်ကာလအတွင်း အနှောင့်အယှက်ကင်းကင်းဖြင့် ကျောင်းသူ ကျောင်းသား ကလေးငယ်များ ပညာသင်ယူခွင့်ရရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။

ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ပဋ္ဌမမြောက် ဗီဇပြောင်းမျိုးကွဲသစ်ဖြစ်သည့် အိုမီခရွန်ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိုးရိမ်မှုများ ထပ်မံမြင့်တက်လာနေပြီး မြန်မာ့အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း စတင်တွေ့ရှိနေရပြီဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင်လည်း အထူးဂရုပြုနေကြရပြီ ဖြစ်သည်။ လက်ရှိပြည်တွင်း ကိုဗစ်–၁၉ကူးစက်မှုနှုန်းမှာ သုံးရာခိုင်နှုန်းအောက်သို့ ကျဆင်းနေပြီး ဆက်လက်ကျဆင်းဦးမည့် အခြေအနေကောင်းများ မျှော်လင့်၍ရနိုင်ပြီဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံတို့တွင် တွေ့လာရပြီဖြစ်သည့် အိုမီခရွန်ကိုမူ သတိဖြင့် ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားများ အိမ်မှကျောင်းသို့ သွားရောက်ချိန်၊ ကျောင်း၌ စာသင်ချိန်၊ ကျောင်းမှအိမ်သို့ပြန်ချိန် အားလုံးတွင် ကိုဗစ်–၁၉ ရောဂါ တားဆီးကာကွယ်ရေးနည်းလမ်းများနှင့်အညီ သွားလာနေထိုင်နိုင်ရေးအတွက် မိဘ၊ ဆရာများ အပါအဝင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်သည်။

ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားမှုကို နောက်ထပ် ခြိမ်းခြောက်နေသည့်အရာမှာ အကြမ်းဖက်ဝါဒပင် ဖြစ်သည်။ အကြမ်းဖက်သမားတို့က ဆရာ ဆရာမများ၊ ကျောင်းအဆောက်အအုံများကို ခြိမ်းခြောက်တိုက်ခိုက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်မီးရှို့ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များဖြင့် ကလေးတို့၏ ပညာသင်ကြားမှုများ ပျက်စီးစေရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေး၊ စစ်ရေးတို့နှင့် အလှမ်းဝေးလှစွာသော ကလေးငယ်တို့၏ ပညာသင်ကြားမှုအခွင့်အရေးကို နှောင့်ယှက်ဖျက်ဆီးခြင်းက ကလေးငယ်တို့၏ အနာဂတ်ကို အညွှန့်ချိုးသတ်ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချခြင်း၊ အကြမ်းဖက်အဖျက်သမားတို့ကို ဖော်ထုတ်ရာတွင် ကူညီဆောင်ရွက်ခြင်း၊ ကျောင်းသူ ကျောင်းသားများ၏ ပညာသင်ကြားမှု လုံခြုံရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကလေးတို့၏ ပညာရေးလမ်းခရီး ချောမွေ့ဖြောင့်တန်းနိုင်ပါစေကြောင်း။ ။

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/ မန္တလေး) ၁၃၈၃–၈၄ ခု၊ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/ မန္တလေး) တို့မှ ၁၃၈၃–၈၄ ခု၊ ပညာသင်နှစ်ကျောင်းဖွင့်ရက်ကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဒီဇင်ဘာ ၂၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားရဟန်းတော်များ အဆောင်ပြန်ဝင်ရက်ကို ၁၃၈၃–ခုနှစ်၊ နတ်တော်လပြည့် ကျော် ၁၊ ၂၊ ၃ ရက်၊ ဒီဇင်ဘာ ၁၉ ၊ ၂၀ ၊ ၂၁ ရက်တို့ကို သတ်မှတ်ထားပါကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာများ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၄ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်း ဂျဝပ်ဒ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ဂျဝပ်ဒ် (JAWAD)”သည် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်– အနောက်မြောက်ဘက် ရေမိုင် ၅၀၀ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၅၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၆၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်ဘက်ရေမိုင် ၂၂၅ မိုင်ခန့်၊ ပူရီမြို့၏ တောင်–အနောက်တောင်ဘက်ရေမိုင် ၂၆၅ မိုင်ခန့်နှင့် ပါရာဒစ်ရှ်မြို့၏ တောင်– အနောက်တောင်ဘက် ရေမိုင် ၃၀၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဆိုင်ကလုန်းမုန်တိုင်း “ဂျဝပ်ဒ်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၁၅ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့် ဖြစ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာပြီး မြောက်–အနောက်မြောက်ဘက်သို့ရွေ့လျားကာ ဒီဇင်ဘာ ၄ ရက်၌ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းလွန်–ဩရိဿတောင်ပိုင်းကမ်းခြေ) သို့ ရောက်ရှိနိုင်ပါသည်။ ထို့နောက် မြောက်–အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ ဩရိဿကမ်းခြေတစ်လျှောက် ရွေ့လျားပြီး ဒီဇင်ဘာ ၅ ရက်တွင် ပူရီမြို့အနီးသို့ရောက်ရှိပြီးနောက် မြောက်–အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် နောက် ၇၂ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဂျဝပ်ဒ်” ၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေစွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်သုံးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် Plant တစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) အခု ၁၅၀ နှင့် နှာခေါင်းစည်း (Mask) ၀ ဒသမ ၀၅ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင် Plant တစ်ခုမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မန္တလေးမြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်





❖ မိမိတို့နိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှု မြင့်တက်နေချိန်ကာလတွင်လည်း တစ်ဖက်မှ အာဆီယံအဖွဲ့နှင့် ဘုံသဘောတူညီချက် ၅ ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးကြားမှ တတ်နိုင်သလောက် အကောင်အထည်ဖော်ဖြေရှင်းဆောင်ရွက်လျက်ရှိ၊ နိုင်ငံ၏စီးပွားရေးကျဆင်းမှုမရှိစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာရှားပါးမှု မရှိစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိ၊ စားရေရိက္ခာပေါများစေရေး တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး အထိုက်အလျောက် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရ

❖ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်၊ စက်သုံးဆီချေတာ သုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲမှု များစွာ လျော့နည်းသွားမည်ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေများ တိုးတက်လာမည်

❖ မိမိတို့အနေဖြင့် Public Transportation လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိ၊ စက်သုံးဆီများလျှော့ချနိုင်ရေး လျှပ်စစ်ဓာတ်အား အသုံးပြုသွားလာနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိစေရေး ဆောင်ရွက်ရမည်

*❊ ရှေ့ဖုံးမှ*

ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာငွေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**အောင်မြင်မှုများရှိခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ဆယ်လတာကာလအတွင်း အခက်အခဲများကို ကျော်လွှားကြိုးစားဆောင်ရွက်ခဲ့သကဲ့သို့ အောင်မြင်မှုများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများပင်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြသဖြင့် လုပ်အားများ များစွာရှိသဖြင့် ကျေးလက်ကို အခြေခံသည့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ထပ်မံတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်ပနိုင်ငံများမှ အကူအညီများရရှိ**

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်မှုများကြောင့် ထိုက်သင့်သလောက် တိုးတက်မှုများရှိလာသော်လည်း ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သဖြင့် ကန့်သတ်မှုများရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေး ကျဆင်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေးကျဆင်းသကဲ့သို့ ယခင်အစိုးရတာဝန်ထမ်းဆောင်စဉ် ၂၀၁၈ ခုနှစ်မှစ၍ စီးပွားရေးကျဆင်းလာသည်ဟုသုံးသပ်ကြကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ကိုဗစ် ၁၉ ရောဂါစတင် ဖြစ်ပွားချိန်တွင် ပြည်ပနိုင်ငံများမှ အကူအညီများရရှိခဲ့ကြောင်း၊ နိုင်ငံရေးအခြေအနေအရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီးချိန်တွင် နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်ပေါ်လာခဲ့မှုများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများမှာလည်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု နယ်ပယ်များတွင် ကျဆင်းမှုရှိလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကြောင့် ကူးစက်မှုနှုန်းများ ကျဆင်းစေရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ရခြင်းကြောင့် အချို့လုပ်ငန်းများတွင် လစ်ဟင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုမှာလည်း ယခုအခါ အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ကြောင်း။

**ဈေးနှုန်းမြင့်တက်လျက်ရှိ**

မိမိတို့နိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါကူးစက်မှု မြင့်တက်နေချိန်ကာလတွင်လည်း တစ်ဖက်မှ အာဆီယံအဖွဲ့နှင့် ဘုံသဘောတူညီချက် ၅ ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးကြားမှ တတ်နိုင်သလောက် အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏စီးပွားရေးကျဆင်းမှုမရှိစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာရှားပါးမှုမရှိစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာပေါများစေရေး တပ်မတော်ကဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး အထိုက်အလျောက် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ သို့သော် ကုန်ပစ္စည်းများမှာ အကြောင်းအမျိုးမျိုးဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ပြည်ပသွင်းကုန်များ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရေး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်သွင်းကုန်အနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် အစီရင်ခံစာအရ ၂၀၁၉-၂၀၂၀ ခုနှစ်ထက် ကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သွင်းကုန်များတွင် အဓိကသွင်းကုန်များမှာ ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီများ၊ ယာဉ်အပိုပစ္စည်းများ၊ ဆေးဝါးများ၊ ဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ လယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရပြီး အများဆုံးမှာ ရေနံထွက်ပစ္စည်းများနှင့် စားအုန်းဆီများဖြစ်ကြောင်း။

**ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်**

ပြည်ပသွင်းကုန်များအစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်သုံးဆီချေတာ သုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲမှု များစွာလျော့နည်းသွားမည်ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေများ တိုးတက်လာမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Public Transportation လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရေး လျှပ်စစ်ဓာတ်အား အသုံးပြုသွားလာနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ရေးစီမံကိန်းများမှာ အချိန်ပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အလားတူ စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် နေရာဒေသများစွာ ရှိကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ စိုက်နည်းစနစ်များကိုလည်း ခေတ်မီစိုက်နည်းစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

**နိုင်ငံအတွက် များစွာအကျိုးရှိမည်**

ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် နိုင်ငံသားအချို့အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်၍ ဝင်ငွေရရှိအောင် ဆောင်ရွက်နေရကြောင်း၊ ပြည်တွင်းထုတ်ကုန်နှင့်ပတ်သက်၍ ပြည်တွင်း၌ မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုပြီး အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ပစ္စည်းများကို ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့်ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေး တိုးတက်စေရန်အတွက် အားပေးဆောင်ရွက်သွားရန် လိုကြောင်း၊ လျှပ်စစ်အသုံးပြုသည့် မော်တော်ယာဉ်များ ပြည်တွင်း၌ထုတ်လုပ်၍ သုံးစွဲနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**"ပြည်တွင်းမှ ထုတ်လုပ်သည့်ပစ္စည်းများကို ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့်ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်လို၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေး တိုးတက်စေရန်အတွက် အားပေးဆောင်ရွက်သွားရန်လို၊ လျှပ်စစ်အသုံးပြုသည့် မော်တော်ယာဉ်များ ပြည်တွင်း၌ထုတ်လုပ်၍ သုံးစွဲနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်"**

**ကျန်းမာရေးကောင်းမွန်ရန် လိုအပ်**

ပြည်ပမှဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ကျန်းမာရေးအတွက် တင်သွင်းနေရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဆေးဝါးသုံးစွဲမှုလျှော့ချနိုင်ရေး ကျန်းမာရေးကောင်းမွန်ရန်လိုအပ်ပြီး ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုများနှင့် ကိုယ်လက်လှုပ်ရှားမှုများရှိရန်လိုကြောင်း၊ အချို့သောပြည်သူများမှာ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ကုသခြင်းဖြင့် ငွေကုန်ကြေးကျများရှိသကဲ့သို့ အခြားအခက်အခဲများလည်း များစွာရှိကြောင်း၊ အဆိုပါကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သဖြင့် နိုင်ငံအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ ကျန်းမာရေးဝန်ထမ်းများသာမက အထောက်အကူပြု စက်ပစ္စည်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကဆေးရုံများ စနစ်တကျရှိစေရေး ကြပ်မတ်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားများ၏ကျန်းမာရေးမြှင့်တင်မှုများဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်းဆေးဝါးထုတ်လုပ်မှုများမှ တိုင်းရင်းဆေးကို အခြေခံသည့် ဆေးဝါးများနှင့် ပဋိဇီဝဆေးဝါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ထိထိရောက်ရောက် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင်ဆေးရုံပေါင်း ၁၁၇၇ ရုံရှိပြီး ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအတွင်းရှိ ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာရှင်ပေါင်း ၅၇၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့သော်လည်း နိုင်ငံအတွက် တာဝန်ထမ်းဆောင်နိုင်မှု နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ တာဝန်ထမ်းဆောင်မှု နည်းပါးခြင်းကြောင့် အချို့သော တိုက်နယ်ဆေးရုံများတွင် ဆရာဝန်များ တာဝန်ထမ်းဆောင်နိုင်မှု မရှိသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများကသာ ဆောင်ရွက်၍ရသဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အနိမ့်ဆုံးဖြစ်နေ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သည့်အတွက် ဆေးပညာနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ လူမှန်နေရာမှန်ရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

**တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး**

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အချို့ကျောင်းသား ကျောင်းသူများအနေဖြင့် လုံခြုံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် ပညာသင်ကြားမှုများ အပြည့်အဝဆောင်ရွက်နိုင်မှုမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးနှင့် ပညာအပြည့်အဝသင်ကြားနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း စသည့်လေးဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ် -၁၉ ရောဂါကူးစက်မှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ကိုဗစ်နဲ့ပတ်သက်ပြီးတော့ အခုနောက်ဆုံးအခြေအနေပြောရလို့ရှိရင် ဖြစ်ပွားသူအားလုံး ကျွန်တော်တို့နိုင်ငံမှာ ၅၂၃၃၄၆ ယောက်ရှိပါတယ်။ ပျောက်ကင်းတဲ့သူက ၄၉၈၇၄၈ ယောက်ရှိပြီး သေဆုံးတဲ့သူက ၁၉၁၂၁ ယောက်ဖြစ်ပါတယ်။ ဖြစ်ပွားတဲ့နှုန်းက ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်ရှိပါတယ်။ နေ့စဉ်ပြောရလို့ရှိရင် အချို့လည်း ၃၀၀ လောက် ဆင်းသွားတဲ့ရက်တွေရှိသလို အချို့ရက်တွေမှာလည်း ၄၀၀ နဲ့ ၅၀၀ ကြားထဲမှာရှိနေပါတယ်။ ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်တော့ ဖြစ်ပွားမှုနှုန်းရှိနေပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့နိုင်ငံအတွက် ဘာပဲပြောပြော လက်ခံနိုင်တဲ့အနေအထားရှိတယ်ဆိုတာကို ကျွန်တော်တို့တွေ့ပါတယ်။ ဒါတွေဒီလိုကျပြီဆိုပြီး ဝမ်းသာနေလို့မရဘူး။ အခု အိုမီခရွန်ဆိုပြီး ထပ်ဖြစ်နေတယ်။ အိန္ဒိယမှာပဲ မနေ့က ၂ ယောက် တွေ့တယ်ဆိုပြီး Breaking News မှာ ကျွန်တော်တွေ့လိုက်တယ်။ ၂ ယောက်ဖြစ်တယ်ဆိုပြီး တွေ့လိုက်ပါတယ်။ အိန္ဒိယမှာဖြစ်နေတာ။**

**အဲဒီတော့ အာရှနိုင်ငံတွေမှာလည်း ဒီ အိုမီခရွန်က ဖြစ်နေတာရှိတယ်။ သူက ကူးစက်မှုလည်း တော်တော်လေးမြန်တယ်။ ဖြစ်ပွားမှုလည်း ပြင်းထန်တယ် ဒီလိုပြောတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ပေါ့လို့တော့မရဘူးဆိုတာလေး ပြောချင်ပါတယ်။ ကျွန်တော်တို့က ကျောင်းတွေ ဖွင့်ထားတာ။ ကျောင်းတွေ၊ ကလေးတွေ ကျောင်းတက်နေကြပြီ။ ကျောင်းတက်နေတော့ ဒီကလေးတွေ ပညာသင်ကြားရေးမှာ**

**❍ အာရှနိုင်ငံတွေမှာလည်း ဒီ အိုမီခရွန်က ဖြစ်နေတာရှိတယ်။ သူက ကူးစက်မှုလည်း တော်တော်လေးမြန်တယ်။ ဖြစ်ပွားမှုလည်း ပြင်းထန်တယ် ဒီလိုပြောတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ပေါ့လို့တော့မရဘူးဆိုတာလေး ပြောချင်ပါတယ်။ ကျွန်တော်တို့က ကျောင်းတွေ ဖွင့်ထားတာ။ ကျောင်းတွေ၊ ကလေးတွေ ကျောင်းတက်နေကြပြီ။ ကျောင်းတက်နေတော့ ဒီကလေးတွေ ပညာသင်ကြားရေးမှာ ဘယ်လိုမှ ထိခိုက်ခံလို့မရဘူး။ အထိခိုက်ခံလို့ မဖြစ်ဘူး။ သူတို့ကို ကျန်းကျန်းမာမာနဲ့ မတ်လကုန် ကျွန်တော်တို့ စာမေးပွဲပြီးတဲ့အထိ ကျောင်းတက်နိုင်ဖို့ လိုတယ်၊ ကျန်းကျန်းမာမာ တက်နိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ တက်နိုင်ဖို့လိုတယ်။**

**ဘယ်လိုမှ ထိခိုက်ခံလို့မရဘူး။ အထိခိုက်ခံလို့ မဖြစ်ဘူး။ သူတို့ကို ကျန်းကျန်းမာမာနဲ့မတ်လကုန် ကျွန်တော်တို့စာမေးပွဲပြီးတဲ့အထိ ကျောင်းတက်နိုင်ဖို့လိုတယ်၊ ကျန်းကျန်းမာမာ တက်နိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ တက်နိုင်ဖို့လိုတယ်။ သူတို့တင်မဟုတ်ဘူး။ ပညာရေးဝန်ထမ်းတွေလည်း ဒီအတိုင်းပဲ။ ကျန်းကျန်းမာမာနဲ့ ပညာသင်ကြားပေးနိုင်ဖို့ လိုတယ်။ လုံလုံခြုံခြုံနဲ့ ပညာသင်ကြားပေးနိုင်ဖို့ လိုတယ်။ ဒါကို ကျွန်တော်တို့က တော်တော်ဂရုစိုက်ရမှာဖြစ်ပါတယ်။ တော်တော်ဂရုစိုက်ရမှာ။ ပညာရေးက ချက်ချင်းပြီးသွားတာ မဟုတ်ဘူး။ ကျွန်တော်တို့က တောက်လျှောက်ကို စောင့်ရှောက်ပေးရမယ့် အနေအထားရှိတယ်။ Long Term သွားရတာ။ ဒါကြောင့် ဒါကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများရော၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များကလည်း အလေးထားကြပ်မတ်ပေးပါလို့ ကျွန်တော်ပြောလိုပါတယ်။”** ဟု ပြောကြားသည်။

ထို့နောက် ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ယနေ့အချိန်အထိ စုစုပေါင်းဆေး Dose ၄၂၆၇၁၆၀၀ ရရှိခဲ့ပြီးဖြစ်ပြီး ထိုးနှံပြီးစီးမှုအနေဖြင့် ယခုလ ၂ ရက်နေ့ အထိ ၂၉၂၁၄၉၈၀ Dose ထိုးနှံပြီး ဖြစ်ကြောင်း၊ နှစ်ကြိမ်အပြည့်ထိုးနှံပြီးသူ ၁၂၀၄၈၀၀၅ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၅၁၁၈၉၇၀ ဖြစ်ကြောင်း၊ ယခုလအတွင်း၌လည်း ရုရှားနိုင်ငံမှ လှူဒါန်းသည့်ဆေးဝါးများနှင့် ဝယ်ယူထားသည့် ကာကွယ်ဆေးအလုံးရေ တစ်သန်းထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်အတွင်း မျှော်မှန်းအုပ်စု၏ ၅၀ ရာခိုင်နှုန်းထိုးနှံနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တစ်ရက်လျှင် ဆေးထိုးနှံမှုအနေဖြင့် ၂ သိန်း ခုနစ်သောင်း ပတ်ဝန်းကျင်မှ ၃ သိန်းပတ်ဝန်းကျင်အထိ ထိုးနှံပေးလျက်ရှိကြောင်း၊ ဆေးထိုးနှံမှုအရေအတွက် တိုးတက်စေရေး ထပ်မံကြိုးစား ဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးများထိုးနှံထားမည်ဆိုပါက ရောဂါကူးစက်မှုကို အထိုက်အလျောက်ကာကွယ်နိုင်ပြီး ရောဂါကူးစက်ခံရပါကလည်း အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိစေနိုင်ကြောင်း။

**စနစ်တကျ မွေးမြူဆောင်ရွက်**

စားရေရိက္ခာပေါများစေရေးနှင့် ဒေသအလိုက်ရိက္ခာဖူလုံမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥစားကြက် မွေးမြူရေး၊ နို့စားနွား၊ အသားစားနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ်ကျသည့် မွေးမြူရေးဖြစ်စေရန် ဆောင်ရွက်ကြရန် လိုအပ်ပြီး ဒေသအလိုက် စားရေရိက္ခာဖူလုံမှုရှိပါက နိုင်ငံသာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေး အထွက်နှုန်းများ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွင်းဓာတ်မြေဩဇာများ လုံလောက်စွာရရှိနိုင်ရေး အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သဘာဝဓာတ်မြေဩဇာများအဖြစ် ထုတ်ယူသုံးစွဲနိုင်ရေး အသိပညာပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဓာတ်မြေဩဇာ များပြားစွာရရှိစေရေး စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းတွင် ဓာတ်မြေဩဇာ ထုတ်လုပ်နိုင်ရေးအတွက်လည်း စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်စိုက်ပျိုးရာသီအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရာတွင်လည်း မျိုးတူသည့် မျိုးကောင်းမျိုးသန့်များနှင့် စိုက်နည်းစနစ်များ မှန်ကန်ရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း။

**မြို့ပြများ စနစ်တကျရှိစေရေး**

မြို့သာယာလှပရေးနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပြီးခဲ့သည့်မိုးတွင်းကာလများတွင် ရေကြီးရေလျှံမှုများ မရှိသလောက် ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များအားလုံးကိုလည်း Green City၊ Clean City ဖြစ်စေရန် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးနိုင်ရေး၊ မြို့ပြများ စနစ်တကျရှိစေရေး၊ လမ်းများစနစ်တကျရှိစေရေး၊ ရေပေးဝေခြင်းများ စနစ်တကျဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် အခွန်ငွေများ အပြည့်အဝရရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေခွန် အပါအဝင် အခွန်များအပြည့်အဝရရှိမှုမရှိကြောင်း၊ နယ်စပ်ဒေသများမှ ပြည်ပပို့ကုန်သွင်းကုန်များ၌ အခွန်ငွေကောက်ခံမှုများ စနစ်တကျမရှိမှုကြောင့် နိုင်ငံအတွက် နစ်နာမှုများ များစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့်နယ်စပ်ကုန်သွယ်ခွန်များ အပြည့်အဝကောက်ခံနိုင်ရေး တာဝန်ရှိသူများက စနစ်တကျဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ငွေများအပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများမှ မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ငွေကောက်ခံမှုနှင့်ပတ်သက်သည့် မသမာမှုပြုလုပ်မှုများကို ဖော်ထုတ်ထိန်းသိမ်း၍ ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုနှင့်ပတ်သက်၍ လာမည့်ရွေးကောက်ပွဲမတိုင်မီ အချိန်အတွင်း နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အဆင်ပြေစွာဖြင့် အမြန်ဆုံးပြုလုပ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအား အခြားဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ နိုင်ငံသားဖြစ်ခွင့်ဖြစ်ထိုက်သူအားလုံး မှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

**“နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုနှင့်ပတ်သက်၍ လာမည့်ရွေးကောက်ပွဲမတိုင်မီ အချိန်အတွင်း နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အဆင်ပြေစွာဖြင့် အမြန်ဆုံးပြုလုပ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအား အခြားဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန်လို”**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**အမှုကိစ္စများပြီးပြတ်အောင်ဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တရားရုံးများနှင့် ရဲစခန်းများတွင် အမှုကိစ္စနှင့်ပတ်သက်သည့် ဖမ်းဆီးရမိ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ များပြားစွာရှိကြောင်း၊ အဆိုပါယာဉ်များမှာ အမှုကိစ္စ မပြီးပြတ်သေးသည့်အတွက် ကာလရှည်ကြာစွာရာသီဥတုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် အမှုကိစ္စများကို အမြန်ပြီးပြတ်အောင်ဆောင်ရွက်၍ လိုအပ်သည့်နေရာများတွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုပါ ကြိုတင်တွက်ဆ၍ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ချီးမြှင့်အသိအမှတ်ပြုရန်လို**

ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြုန်းတီးအင်အား ပြန်လည်ခန့်ထားခြင်းတို့အတွက်

*စာမျက်နှာ ၅ သို့*

## အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

"မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်" ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင်ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာ အဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည် ဖြစ်ပါသည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

အရာထမ်း အမှုထမ်းများ အသစ်ခန့်အပ်ရခြင်းများရှိကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် ဌာနအတွက် အမှန်တကယ် အကျိုးရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ ရာထူးခန့်ထားရေးနှင့်ပတ်သက်ပြီး လျှော့ပေါ့စဉ်းစားပေးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တိကျသော မူဝါဒရှိရန်လိုကြောင်း၊ ရေရှည်အတွက် စနစ်တကျ စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအပေါ် မူတည်၍ ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ချီးမြှင့်သင့်သည်များကိုလည်း ချီးမြှင့်ပြီး အသိအမှတ်ပြုရန်လိုကြောင်း။

**စနစ်တကျ ဆောင်ရွက်**

ဝန်ကြီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဆောင်ရွက်ရန်လိုအပ်ပြီး အစီရင်ခံစာများကို စနစ်တကျ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း။

**ကြပ်မတ်ပေးရမည်**

ဘဏ်များနှင့်ပတ်သက်၍လည်း အချို့ဘဏ်ဝန်ထမ်းများအနေဖြင့် စည်းကမ်းဖောက်ဖျက်မှု၊ မသမာမှုများရှိနေသည်ကို သိရကြောင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် စောင့်ကြည့်ကြပ်မတ်ရန် လိုအပ်သကဲ့သို့ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များကလည်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ မှန်မှန်ကန်ကန်ဖြစ်အောင် ကြပ်မတ်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး (PPP)၊ (BOT) စနစ်များသို့ ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ မည်သို့ဆောင်ရွက်သည်ဖြစ်စေ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနအားလုံးအနေဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့်မှ သေချာစွာစဉ်းစားဆုံးဖြတ်ပြီး သက်ဆိုင်ရာကော်မတီသို့ တင်ပြဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းရှားမြို့ အဆင့်မြင့်အဝေးပြေးကားကြီးကွင်း၌ ဇန်နဝါရီ ၄ ရက်မှစ၍ ယာဉ်များပြေးဆွဲမည်

**မိုင်းရှား ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မိုင်းရှားမြို့ နတ်လူထိပ်ပန်ရပ်ကွက်ရှိ မြေကေ ရှစ်ဧက အကျယ်တွင် တည်ဆောက်ထားသည့် အဆင့်မြင့်အဝေးပြေး ကားကြီးကွင်း တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်ကာ အဆိုပါ ကားကြီးကွင်းမှ ယာဉ်များ ပြေးဆွဲတော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်ကားကြီးကွင်းတွင် ကားဂိတ်အခန်း ၃၀၊ စားသောက်ဆိုင်ခန်း ၁၆ ခန်း၊ အများသုံးသန့်စင်ခန်း၊ ယာဉ်ရပ်နားရန်နေရာနှင့် အဆင့်မြင့်ကားဝပ်ရှော့များ ပါဝင်ပြီး ယခင်အသုံးပြုခဲ့သော မိုင်းရှားတောင်ရပ်ကွက်ရှိ ယာဉ်ရပ်နားစခန်းမှာ လွန်ခဲ့သော ၂၇ နှစ်က စတင် အသုံးပြုခဲ့ခြင်းဖြစ်၍ ယာဉ်များပြားလာပြီး ရပ်နားရန် အခက်အခဲ ရှိလာခြင်းကြောင့် ယခု ကားကြီးကွင်းသစ်ကို တည်ဆောက်ပြောင်းရွှေ့ခြင်း ဖြစ်ကြောင်း သိရသည်။

မိုင်းရှားတောင်ရပ်ကွက်ရှိ ယာဉ်ရပ်နားစခန်းဟောင်းကို အသုံးပြုနေမှုနှင့် နတ်လူထိပ်ပန်ရပ်ကွက် ကားကြီးကွင်းသစ် တည်ဆောက်ပြီးစီးနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ပြီး မိုင်းရှားမြို့အခြေပြု ပြေးဆွဲနေသော ယာဉ်လိုင်းပိုင်ရှင်များနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးများသို့ ခရီးသည်တင် မော်တော်ယာဉ်လိုင်းပြေးဆွဲနေမှုနှင့် ကားကွင်းအတွင်း ယာဉ်ရပ်နားရမှု အခြေအနေများ၊ အဆင့်မြင့်အဝေးပြေးကားကြီးကွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ယာဉ်လိုင်း ပိုင်ရှင်များ၏ အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးသည်။



အဆင့်မြင့်ကားကြီးကွင်းအတွင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ကားကြီးကွင်းသစ်အတွင်း ယာဉ်ဂိတ်အခန်းများကို စနစ်တကျခွဲဝေရေး၊ ကွင်းအတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် ယာဉ်လိုင်းပိုင်ရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးမိတ်မြို့နယ် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မိုးမိတ် ဒီဇင်ဘာ ၃ ရက်**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့နယ် မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးတင်ရှိန်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်၊ မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်း အပြင်ရှိ မီးသတ်ရေကန်များ ရေအပြည့်ထားရှိရေးနှင့် ရေစုပ်စက်များ ပြင်ဆင်ထားရှိ၍ အဆင်သင့် မောင်းနှင်နိုင်ရေး၊ မီးသတ်ရေငုတ်များ၏ ရေထွက်မှု အခြေအနေများ၊ ဈေးဆိုင်ခန်းများ၏ လျှပ်စစ်မီးသုံးစွဲမှုအခြေအနေနှင့် မီးဘေးလုံခြုံမှု ရှိ မရှိ၊ ဈေးဆိုင်ခန်းများတွင် ထားရှိသော မီးသတ်ဆေးဘူးများ ကောင်းမကောင်း စသည့်အချက်များဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ကြောင်း သိရသည်။

**စည်သူမြေ့ (ခရိုင်ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အသိပညာပေးနံရံကပ်စာစောင်ပြသ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ပြည်သူများအနေဖြင့် သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ နေ့ထူးနေ့မြတ်များ၊ အသိပေးကြေညာချက်များနှင့် အသိပညာဗဟုသုတများကို အလွယ်တကူ ဖတ်ရှုသိရှိနိုင်ရန် အသိပညာပေး နံရံကပ်စာစောင်များကို ပြသလျက်ရှိရာ ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသထားသည်။

အဆိုပါ နံရံကပ်စာစောင်တွင် ပိုမိုကောင်းမွန်သည့် ကိုဗစ်-၁၉ အလွန် ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ ရောဂါကို ဘယ်လိုကြိုတင်ကာကွယ်ကြမလဲ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အချက်အလက်များ၊ နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းသူများ၏ အားကစားဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ ကြုံတွေ့နိုင်သည့် အတားအဆီးများ၊ ပညာရေးဆိုင်ရာ လေ့လာတွေ့ရှိချက်၊ စစ်တမ်းတွင် ပါဝင်ခဲ့သည့် မသန်စွမ်းကလေးငယ်များ၏ စိုးရိမ်မှုအသံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့သည့် မသန်စွမ်းသူများအတွက် သင်တန်းကျောင်း၊ တည်နေရာ၊ သင်တန်းသားဦးရေ၊ အသက်မွေးသင်တန်းများ၊ ထောက်ပံ့မှုအစီအစဉ်များ၊ လေ့ကျင့်သင်ကြားမှုများ၊ အလုပ်အကိုင် နေရာချထားမှု၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ၊ အနာဂတ် မျှော်မှန်းချက် စသည့် မသန်စွမ်းသူများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြသထားသည်။

**စောဒိ(ပြန်/ဆက်)**

❂ *ကျော်ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကိုကိုလှိုင်နှင့် ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရင်ခွင့်မဲ့ ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**ကမ္ဘာ့နိုင်ငံများတွင် ကျင်းပ**

အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကျင်းပလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် မသန်စွမ်းသူများ၏ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့အပြင် လူသားတိုင်း ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

**(၂၈)ကြိမ် ရှိပြီ**

ကုလသမဂ္ဂ အဖွဲ့ကြီး၏ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်(၄၇/၃)အရ နှစ်စဉ် ဒီဇင်ဘာလ (၃)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် ၁၉၉၂ ခုနှစ်မှစတင်၍ ဂုဏ်ပြုသတ်မှတ် ကျင်းပခဲ့ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၂၈) ကြိမ်ရှိပြီဖြစ်ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ချမှတ်ပေးသည့် ဦးတည်ချက် ဆောင်ပုဒ်မှာ "အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန် ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး" (Leadership and participation of persons with disabilities toward an inclusive, accessible and sustainable post-COVID-19 world) ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်၊ လူ့အခွင့်အရေးအများနည်းတူရရှိခံစားပိုင်ခွင့်နှင့် မသန်စွမ်းသူများ ကြုံတွေ့နေရသည့် မညီမျှမှုများလျှော့ချနိုင်ရေးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။


မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား၌ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များအား ကြည့်ရှုစစ်ဆေးစဉ်။

ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) ကိုလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)ကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

**အရင်းအမြစ်များ ဖြည့်ဆည်း**

ယင်းဥပဒေ၊ နည်းဥပဒေတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ကော်မတီတစ်ရပ်နှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီး အစည်းအဝေးများကျင်းပခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးများတွင် မသန်စွမ်းသူများ၏ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး၊ ဥပဒေပိုင်းဆိုင်ရာနှင့် အခြေခံလိုအပ်ချက် အရင်းအမြစ်များကို ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကြုံတွေ့နေရသည့် အချိန်ကာလတွင် ကုလသမဂ္ဂ၏ ၂၀၃၀ အစီအစဉ်အရ မည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူနှင့်အညီ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကြေးထောက်ပံ့မှု ပေးခဲ့ပါကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် အုပ်စုအလိုက် ဦးစားပေးထိုးနှံရမည့် အစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာတွင်လည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစတင်၍ မသန်စွမ်းသူများ အပါအဝင် ထိခိုက်လွယ်အုပ်စုများအတွက် အစီအစဉ်များကို ထပ်မံထည့်သွင်း၍ ဦးစားပေးထိုးနှံပေးလျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း မသန်စွမ်းသူများ ရင်ဆိုင်ခံစားနေရသည့် အတွေ့အကြုံများအပေါ် မူတည်ပြီး မသန်စွမ်းသူများအကျုံးဝင် ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တို့ကို စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာ အကဲခတ်ခြင်းတို့ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ပြောကြား**

ထို့ကြောင့် "အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန် ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကိုဗစ်-၁၉ အား ရင်ဆိုင်တုံ့ပြန်ရာတွင်လည်းကောင်း၊ ကိုဗစ်-၁၉ အလွန် လူသားအားလုံးအတွက် ပိုမိုသာယာလှပသည့် အနာဂတ်ကမ္ဘာ ဖန်တီးတည်ဆောက်ရာတွင်လည်းကောင်း၊ မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအရေးလှုပ်ရှား ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် ရင်းနှီးချစ်ကြည်စွာ လက်တွဲ၍ စုပေါင်းအားဖြင့် လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသပြီး ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိကြသူများ၏ အမည်စာရင်းများကို ကြေညာသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပန်နန်းဒင်- ငါ့ဝါ- ဂဝိုင် - ဒုံဇုံ-တဆူထု-ထလာထု-ခရောင်း-တဟွမ်ဒမ်းလမ်း အမာခံလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ကချင်ပြည်နယ် အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့်အတူ နိုဝင်ဘာ ၂၉ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မဂွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆန်းလွတ်ချက် တောင်ထိပ် Level နှိမ့်ခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆန်းလွတ်ချက်နှင့် ရီဒမ်းကြိုးတံတားကြား လမ်းကြောင်းအခြေအနေများကိုလည်းကောင်းစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရီဒမ်းကြိုးတံတားသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားအထူးအဖွဲ့က ရီဒမ်းတံတားဆောက်လုပ်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လုပ်ငန်းများအောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး လမ်းကြောင်းတစ်လျှောက် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးစီးခဲ့မှု လုပ်ငန်းများနှင့် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို စစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်တွင် ခေါင်လန်ဖူးမြို့ခန်းမ၌ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကာ လမ်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် ဒေသခံဌာနေလုပ်သားများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ခေါင်လန်ဖူးမြို့တွင်းလမ်း၊ မြို့ရေပေးရေး၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့မဈေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။





ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁ ရက်တွင် ပန်နန်းဒင်သို့ ရောက်ရှိခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားများ ပြောကြားသည်။

ယင်းနောက် ပန်နန်းဒင်- ငါ့ဝါ- ဂဝိုင် - ဒုံဇုံ-တဆူထု-ထလာထု-ခရောင်း-တဟွမ်ဒမ်းလမ်း ၆၃ မိုင် အနက် ၁၅ မိုင် အမာခံလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများစံချိန်စံညွှန်းမီမီဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ (၁၈) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ British High Commission ၏ ပံ့ပိုးမှုဖြင့် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ကမကထ ပြုလုပ်ကျင်းပသော "အကျဉ်းထောင်ပြုပြင် ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် ဒေသတွင်း ဆွေးနွေးပွဲ" (Regional Conference on Prison Reform) ကို နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ ၂၀၂၁ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်ကျင်းပသော အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum –SEANF) ၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိလည်းကောင်း hybrid format ဖြင့် ကျင်းပသည်။

နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော "အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် ဒေသတွင်း ဆွေးနွေးပွဲ" သို့ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ အကျဉ်းဦးစီးဌာနတို့မှ အရာရှိကြီးများ၊ United Nations Office on Drugs and Crime (UNODC) မှ ကိုယ်စားလှယ်များ၊ အရှေ့တောင်အာရှဒေသလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ တရားရေးနှင့် ဥပဒေရေးရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒေသတွင်း ဆွေးနွေးပွဲတွင် အရှေ့တောင် အာရှဒေသတွင်းရှိ အကျဉ်းထောင်များ အခြေအနေ၊ အကျဉ်းထောင်များနှင့် စပ်လျဉ်းသည့် နိုင်ငံတကာစံနှုန်းများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပိုမိုကောင်းမွန်သည့် အကျဉ်းထောင်စနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်များ၏ ပံ့ပိုးမှုအခန်းကဏ္ဍနှင့် ပိုမိုကောင်းမွန် ထိရောက်မှုရှိသော အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ အစရှိသည့် ဘာသာရပ်များကို Panel Discussion ပုံစံများဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသူရကျော်က ပိုမိုကောင်းမွန်သည့် အကျဉ်းထောင်စနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသော Panel Discussion တွင် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ တိုးတက်ဖြစ်ပေါ်မှုများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြသည်။

ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သော အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ (၁၈) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံတို့၏ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ၊ စုစုပေါင်း ၄၈ ဦး ပါဝင် တက်ရောက်ခဲ့ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် ၂၀၂၁ ခုနှစ်အတွင်း ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တိုးတက်ဖြစ်ထွန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဖိုရမ်အဖွဲ့ဝင် ကော်မရှင် တစ်ဖွဲ့ချင်းစီက ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ အမှတ်တံဆိပ် (Logo) အတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏ website အသစ် စတင်မိတ်ဆက် လွှင့်တင်ခြင်း၊ ဖိုရမ်၏ မဟာဗျူဟာ (၂၀၂၂-၂၀၂၆) ကို အတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏ ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေး လမ်းညွှန်စာတမ်းအတည်ပြုခြင်း၊ ဖိုရမ်အဖွဲ့ဝင်များ၏ လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပေးခြင်းတို့နှင့် စပ်လျဉ်း၍ ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးခြင်း၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုးတက်ဆောင်ရွက်ချက်များ၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၏ Office of the Children's Com-missioner မှ မလေးရှားနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများ တင်ပြဆွေးနွေးခြင်း၊ ဖိလစ်ပိုင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က "Digital Rights" နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ ရင်ဆိုင် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်းကောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပေးရေးနှင့် စပ်လျဉ်းသည့် ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း တင်ပြဆွေးနွေးသည်။ နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့အခွင့်အရေးသို့ ဖိုရမ်၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့၊ ပြင်ဦးလွင်မြို့နှင့် ကျောက်မဲမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၃၂ လက်မ ဖြစ်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (ဟန်ဂေရီသမ္မတနိုင်ငံ)

သဇင်မေ

နိဒါန်း

**ဟန်ဂေရီသမ္မတနိုင်ငံသည် ဥရောပအလယ်ပိုင်းတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ပန်နိုနီယမ်မြစ်ဝှမ်းဒေသတွင်တည်ရှိပြီး မြောက်ဘက်တွင် ဆလိုဗက်ကီးယားနိုင်ငံ၊ အရှေ့ဘက်တွင် ယူကရိန်းနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံ၊ တောင်ဘက်တွင် ဆားဗီးယားနိုင်ငံနှင့် ခရိုအေးရှားနိုင်ငံ၊ အနောက်ဘက်တွင် ဩစတြီးယားနိုင်ငံတို့ ရှိကြပါသည်။ မြို့တော်နှင့် အကြီးဆုံးမြို့မှာ ဘူဒါပက်စ်(Budapest)မြို့ ဖြစ်ပါသည်။ ဟန်ဂေရီနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့၊ အိုအီးစီဒီ (OECD)အဖွဲ့နှင့် ဝိုက်စ်ဂရက်ဒ်(Weiss Grad)အဖွဲ့တွင် ပါဝင်သောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ရုံးသုံးဘာသာစကားမှာ ယူရားလစ်မိသားစုဝင် ဘာသာစကားဖြစ်သော ဟန်ဂေရီဘာသာစကား ဖြစ်ပါသည်။ နှစ်ပေါင်း ၁၀၀၀ ခန့်စိုးမိုးခဲ့သော ဘုရင့်အုပ်ချုပ်မှုစနစ်ကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပယ်ဖျက်ပြီး သမ္မတနိုင်ငံထူထောင်ခဲ့ရာ ယခုအခါ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံအဖြစ် သက်တမ်း ၇၅ နှစ်ကျော် ရပ်တည်လာခဲ့ပြီးဖြစ်ပါသည်။ ဟန်ဂေရီနိုင်ငံသည် စုစုပေါင်း ဧရိယာ ၉၃,၀၂၈ စတုရန်းကီလိုမီတာ ( ၃၅၉၁၈ စတုရန်းမိုင်) ကျယ်ဝန်းပြီး ၂၀၂၁ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်းမှာ ၉,၇၃၀,၀၀၀ ခန့်ရှိပါသည်။**

### နိုင်ငံရေးသမိုင်းကြောင်း

၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဟန်ဂေရီနိုင်ငံသည် ဆိုဗီယက်အဖွဲ့များနှင့် ယာယီစစ်ပြေငြိမ်းရေးစာချုပ်လက်မှတ်ရေးထိုးကာ နိုဝင်ဘာလ၌ ပြည်သူ့ရွေးကောက်ပွဲကြီးတစ်ရပ် ကျင်းပပေးခဲ့ပါသည်။ အဆိုပါရွေးကောက်ပွဲတွင် အလုပ်သမားပါတီမှ အမတ်အများဆုံးအနိုင်ရရှိခဲ့ပြီး ရွေးကောက်တင်မြှောက်ခံရသည်။ အလုပ်သမားပါတီအနေဖြင့် အစိုးရတစ်ရပ်ဖွဲ့နိုင်သော်လည်း နိုင်ငံတွင်ဖြစ်ပေါ်နေသော အခြေအနေများကြောင့် ညွန့်ပေါင်းအစိုးရအဖွဲ့တစ်ခုဖွဲ့စည်းခဲ့ရသည်။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပသော အမျိုးသားလွှတ်တော်ညီလာခံတွင် ဟန်ဂေရီသမ္မတနိုင်ငံတည်ထောင်ရန် အများကသဘောတူဆုံးဖြတ်ကြ၍ တစ်ဒီဇိုလ်တန် (Tidyzoltan)အား သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ထို့နောက် ၁၉၄၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲအတည်ပြုခဲ့ပါသည်။ ဟန်ဂေရီနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့သို့ ၂၀၀၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပါသည်။

### အုပ်ချုပ်ရေးအာဏာ

ဟန်ဂေရီနိုင်ငံသည် လွတ်လပ်၍ ဒီမိုကရေစီကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော ဒီမိုကရက်တစ် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဟန်ဂေရီနိုင်ငံသည် ၁၉၈၉ ခုနှစ်မှစတင်၍ ပါလီမန် ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ပြီး နိုင်ငံ၏ အကြီးအကဲမှာ သမ္မတဖြစ်ပါသည်။ နိုင်ငံတော်၏ သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်များကိုပါ ထမ်းဆောင်ရပါသည်။ သမ္မတ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး သက်တမ်းနှစ်ခုသာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်။ သမ္မတသည် အစိုးရအဖွဲ့ဝန်ကြီးများအား ခန့်အပ်ပိုင်ခွင့်ရှိပြီး အဆိုပါဝန်ကြီးများအနက်မှ တစ်ဦးအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ပါသည်။

### ဥပဒေပြုရေးအာဏာ

ဥပဒေပြုရေးအာဏာသည် အမျိုးသားလွှတ်တော်တွင်သာရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း၊ သမ္မတအားရွေးချယ်ပေးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရွေးချယ်ပေးခြင်း၊ စာရင်းစစ်ချုပ်ရုံးဥက္ကဋ္ဌအားရွေးချယ်ခြင်း၊ စစ်ဖြစ်ပွားမှုနှင့် ငြိမ်းချမ်းရေးကြေညာစာတမ်းများအား ဆုံးဖြတ်ချက်ပေးရခြင်း၊ နိုင်ငံ၏အရေးပေါ် အခြေအနေများအား ကြေညာပေးရခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကြေညာချက်များကို တရားဝင်ကြေညာပေးရခြင်း၊ ဘဏ္ဍာရေးကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းခြင်း စသည်တို့ ဆောင်ရွက်ပေးရပါသည်။

### တရားစီရင်ရေးအာဏာ

ရာဇဝတ်တရားရုံး၊ တရားမမှုနှင့်ဆိုင်သော တရားရုံး၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် တရားရုံးများဟူ၍ အဓိကအားဖြင့် တရားရုံးသုံးရုံးဖြင့် ဖွဲ့စည်းထားခဲ့ပါသည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် တရားစီရင်ရေးရုံးအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပါသည်။ ၎င်းတို့မှာ ဒေသဆိုင်ရာ အယူခံမှုတရားရုံး၊ ဒေသဆိုင်ရာတရားရုံးများ၊ ခရိုင်တရားရုံးများ၊ အုပ်ချုပ်မှုဆိုင်ရာနှင့် အလုပ်သမားဆိုင်ရာ တရားရုံးများ စသည်တို့ ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အဆင့် တရားသူကြီးချုပ်အား ရွေးချယ်ပေးရပြီး သက်တမ်းမှာကိုးနှစ်ဖြစ်ကာ တရားသူကြီးအဖြစ် ငါးနှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူများမှ တစ်ဦးကို ရွေးချယ်ပေးခြင်းဖြစ်ပါသည်။




ဟန်ဂေရီနိုင်ငံ၏ အုပ်ချုပ်မှုနယ်မြေပြမြေပုံ။

### သမ္မတရွေးကောက်ပွဲ

ဟန်ဂေရီနိုင်ငံ၏သမ္မတအား လျှို့ဝှက်မဲပေးနည်းစနစ်ဖြင့် မဲပေးရပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။ သမ္မတရွေးကောက်ပွဲအား နှစ်ကျော့ပြန်စနစ် (Two Round System) ဖြင့် ရွေးချယ်ပါသည်။ ပထမတစ်ကျော့တွင် ထောက်ခံမဲသုံးပုံနှစ်ပုံ(Two Third Majority) ဖြင့် အနိုင်ရသူများ ရွေးချယ်ပေးပါသည်။ အမျိုးသားလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်အနည်းဆုံး ၅ ပုံ ၁ ပုံမှ သမ္မတလောင်းအမည်စာရင်း တင်သွင်းရပြီး လွှတ်တော်ကိုယ်စားလှယ်များသည် သမ္မတလောင်းတစ်ဦးထက်ပို၍ အမည်စာရင်းတင်သွင်းခွင့်မရှိပါ။ ပထမအကျော့ယှဉ်ပြိုင်မှုတွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်နိုင်ရန် သတ်မှတ်ထားသည့် လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ ထောက်ခံချက် မပြည့်မီပါက မဲအများဆုံးရရှိသည့် သမ္မတလောင်း နှစ်ဦးအားရွေးချယ်၍ ဒုတိယအကျော့ရွေးကောက်ပွဲကို ထပ်မံကျင်းပပါသည်။ ဟန်ဂေရီနိုင်ငံ၏ သမ္မတရွေးကောက်ပွဲများတွင် နှစ်ဦးထက်ပို၍ ရွေးချယ်ပေးခဲ့ရခြင်းမျိုး မရှိခဲ့သေးပါ။ ထို့ကြောင့် အထက်ပါနည်းအရ ရွေးချယ်ခဲ့ခြင်းသည် အရိုးရှင်းဆုံးနည်းတစ်ခုဖြစ်ခဲ့ပါသည်။ အသက် ၃၅ နှစ်ရှိသော ဟန်ဂေရီနိုင်ငံသားတိုင်းသည် သမ္မတဖြစ်ခွင့်ရှိပါသည်။ ၁၉၉၀ ခုနှစ် ဟန်ဂေရီနိုင်ငံ၏ ပထမဆုံးသမ္မတမှာ အာပတ်ဂိုနက် (Arpad Goncz) ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ဒုတိယအကြိမ် ရွေးချယ်ခြင်းခံခဲ့ရပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဖရန်မက် (Frenmad)၊ ၂၀၀၅ ခုနှစ်တွင် လေဆက်ဆိုလန်(Laszlo Solyom)တို့အား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။ ဟန်ဂေရီနိုင်ငံ၏ သမ္မတအမည်စာရင်းအား အမျိုးသားလွှတ်တော်မှ ကြေညာပေးရပါသည်။ သမ္မတသည် ဥပဒေတစ်ရပ်အား အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ ကြေညာခြင်းစသော အာဏာရှိပါသည်။ ဥပဒေတစ်ရပ်အား သဘောမတူလိုပါက လက်မှတ်မရေးထိုးမီ ဗီတိုအာဏာကျင့်သုံး၍ ပယ်ဖျက်ခွင့်ရှိပါသည်။ လက်ရှိသမ္မတသက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀၊ အများဆုံး ရက်ပေါင်း ၆၀ မတိုင်မီ သမ္မတရွေးကောက်ပွဲအား ပြုလုပ်ပေးရပါသည်။

### ရွေးကောက်ပွဲစနစ်များ

ဟန်ဂေရီနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ (ပါလီမန်ရွေးကောက်ပွဲ)နှင့် ဒေသန္တရရွေးကောက်ပွဲဟူ၍ နှစ်မျိုးရှိပါသည်။

ဟန်ဂေရီနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly)ဟုခေါ်သော လွှတ်တော်တစ်ရပ်သာရှိပါသည်။ ဟန်ဂေရီနိုင်ငံသည် အမျိုးသားလွှတ်တော်အတွက် အထွေထွေရွေးကောက်ပွဲကို (One Round System)ဖြင့် ကျင်းပပြီး Mixed Member Proportional System(MMP)စနစ်ကို ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

### အမျိုးသားလွှတ်တော် ( National Assembly)

အမျိုးသားလွှတ်တော် (National Assembly) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၉၉ ဦးရှိပါသည်။ ယင်းအနက်မှ မဲဆန္ဒနယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်နေရာ ၁၀၆ နေရာအား မဲအများဆုံးရသူအနိုင်ရစနစ် First Past The Post (FPTP) စနစ်ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၉၃ နေရာကို အချိုးကျကိုယ်စားပြုစနစ် Proportional Representative (PR) ဖြင့်လည်းကောင်း ရွေးချယ်ပါသည်။ နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၉၃ နေရာအတွက် Closed List PR စနစ်ဖြင့်ဖြစ်ပြီး မဲဆန္ဒရှင်များက နှစ်သက်ရာပါတီကိုသာ ရွေးချယ်ခြင်း ဖြစ်ပါသည်။ ပါတီများသည် ရရှိသောမဲအရေအတွက်နှင့် အချိုးညီသော ကိုယ်စားလှယ်အရေအတွက် ရရှိမည်ဖြစ်သည်။ မဲဆန္ဒနယ်များအား FPTP စနစ်အတွက် မဲဆန္ဒနယ် ၁၀၉ နယ်နှင့် PR စနစ်အတွက် ဟန်ဂေရီနိုင်ငံ တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ထားရှိပါသည်။ ထို့ကြောင့် ဟန်ဂေရီနိုင်ငံရှိ မဲဆန္ဒရှင်များသည် တစ်ကြိမ်တည်းဖြင့် ဆန္ဒမဲနှစ်မျိုး ပေးရမည်ဖြစ်ပါသည်။ ပထမတစ်မျိုးမှာ မဲဆန္ဒနယ်ကိုယ်စားပြုသော ကိုယ်စားလှယ်အတွက် မိမိကြိုက်နှစ်သက်သော အမည်ကို ရွေးချယ်ပေးရခြင်းဖြစ်ပြီး ဒုတိယတစ်မျိုးမှာ နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြု ကိုယ်စားလှယ်အတွက် ရွေးချယ်ပေးရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယအမျိုးအစားမှာ နိုင်ငံရေးပါတီအလိုက်ရရှိသည့် မဲအရေအတွက်ပေါ် မူတည်ပြီး လွှတ်တော်တွင် နေရာများ အချိုးကျ ရရှိမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် ၁၀၆ နေရာတွင် မဲအများဆုံးရသူများအား တိုက်ရိုက်ရွေးချယ်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့အနိုင်ရရှိသော မဲဆန္ဒနယ်များအပေါ်တွင် တာဝန်ရှိမည်ဖြစ်ပါသည်။ ကျန်လွှတ်တော်ကိုယ်စားလှယ် ၉၃ နေရာတွင် နိုင်ငံရေးပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်နှင့် လူမျိုးစုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များသည် အချိုးကျအတိုင်း ရရှိကြမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီတစ်ခုတည်းမှဖြစ်လျှင် ခိုင်လုံမဲ ၅ ရာခိုင်နှုန်း၊ ပူးတွဲပါတီနှစ်ခုဖြစ်လျှင် ခိုင်လုံမဲ ၁၀ ရာခိုင်နှုန်း၊ ပူးတွဲပါတီသုံးခုဖြစ်လျှင် ခိုင်လုံမဲ ၁၅ ရာခိုင်နှုန်း ရရှိရမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာ ၉၃ နေရာအတွက် နေရာခွဲဝေချထားရာတွင် အောက်ပါအတိုင်း တွက်ချက်ပါသည်။ ပါတီကိုယ်စားပြုနေရာများ တွက်ချက်ရာတွင် D’Hondt Method

**ခိုင်လုံမဲစုစုပေါင်း/(ရွေးချယ်ပေးရမည့်နေရာ အတွက် စုစုပေါင်း+၁)**

ဖြင့် တွက်ချက်ပါသည်။

ဟန်ဂေရီနိုင်ငံရှိ Armenian၊ Bulgarian၊ Croatian၊ German၊ Greek၊ Polish၊ Romani၊ Romanian၊ Rusyn ၊ Serbian ၊ Slovakian ၊ Slovenian and Ukrainian စသော တိုင်းရင်းသားလူမျိုးစုသည် အောက်တွင်ဖော်ပြထားသောနည်းအတိုင်း တွက်ချက်ရရှိလျှင် ကိုယ်စားလှယ် ၉၃ နေရာတွင် တစ်နေရာ ရရှိမည်ဖြစ်ပါသည်။ လူမျိုးစုကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်ရလဒ်များ တွက်ချက်ရာတွင်

**၁ /(၄xရွေးချယ်ပေးရမည့်နေရာ)= ၀ ဒသမ ၂၆၈၈ ရာခိုင်နှုန်း**

ဖြင့် တွက်ချက်ပါသည်။

### ဒေသန္တရရွေးကောက်ပွဲ

ဟန်ဂေရီနိုင်ငံ၏ ဒေသန္တရရွေးကောက်ပွဲအား စီရင်စုအဆင့်နယ်မြေအတွက် ကိုယ်စားလှယ်ရွေးချယ်ပေးခြင်းနှင့် ဘူဒါပက်စ်မြို့တော်အတွက် မြို့တော်ဝန်နှင့် ကိုယ်စားလှယ်ရွေးချယ်ပေးခြင်းအား တစ်ပြိုင်တည်း ကျင်းပပေးပါသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

စီရင်စုနယ်မြေလွှတ်တော်အတွက် ကိုယ်စားလှယ် (Member)များအား ရွေးချယ်ရာတွင် (Party List Proportional Representation Voting System) ဖြင့် ရွေးချယ်ပါသည်။ စီရင်စုနယ်မြေတစ်ခုကို မဲဆန္ဒနယ်တစ်ခုသတ်မှတ်၍ စီရင်စုနယ်မြေလွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ခြင်းဖြစ်ပါသည်။ ကိုယ်စားလှယ်များ၏ အရေအတွက်သတ်မှတ်မှုသည် စီရင်စုနယ်မြေတွင် နေထိုင်သော လူဦးရေအရေအတွက်အပေါ် မူတည်ပါသည်။ လူဦးရေသတ်မှတ်မှုမှာ လူဦးရေလေးသိန်းထက်မပိုသောဒေသတွင် လူဦးရေနှစ်သောင်းလျှင် ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် အနိမ့်ဆုံးကိုယ်စားလှယ်အရေအတွက်မှာ ၁၅ ဦး ဖြစ်ပါသည်။ လူဦးရေလေးသိန်းမှခုနစ်သိန်းအတွင်းရှိသောဒေသတွင် လူဦးရေ သုံးသောင်းလျှင် တစ်ဦးနှုန်းဖြင့် စုစုပေါင်း ၂၀ သတ်မှတ်ထားပါသည်။ လူဦးရေခုနစ်သိန်းကျော်သော ဒေသတွင် လူဦးရေလေးသောင်းလျှင် တစ်ဦးနှုန်းဖြင့် စုစုပေါင်း ၃၀ သတ်မှတ်ထားပါသည်။

ဘူဒါပက်စ်မြို့တော် ရွေးကောက်ပွဲအတွက် မြို့တော်ဝန်၊ ခရိုင်အဆင့်ကိုယ်စားလှယ်နှင့် ပါတီကိုယ်စားလှယ်များအတွက် မဲအများဆုံးအနိုင်ရယူသူစနစ်(First Past The Post)ဖြင့် ရွေးချယ်ပေးပါသည်။ ဘူဒါပက်စ်မြို့တော်အတွက် ကိုယ်စားလှယ် စုစုပေါင်း ၃၃ ဦး ရွေးချယ်မှုမှာ ဘူဒါပက်စ်မြို့တော်အတွက် မြို့တော်ဝန်၊ ခရိုင်အဆင့်ကိုယ်စားလှယ် ၂၃ ဦးနှင့် ပါတီများယှဉ်ပြိုင်မှုမှ အများဆုံး ရရှိသူကိုးဦး စသည်ဖြင့် ရွေးချယ်ကြပါသည်။ ဟန်ဂေရီနိုင်ငံတွင် ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့၌ နောက်ဆုံး ပြုလုပ်ခဲ့ပါသည်။

### လွှတ်တော်မဲဆန္ဒနယ်သတ်မှတ်ခြင်း

၂၀၁၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပြီးနောက် မဲဆန္ဒနယ်များအတွင်းရှိ လူဦးရေညီမျှမှုနှင့်နယ်မြေတည်ရှိမှု တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ယခင်မဲဆန္ဒနယ် ၃၈၆ နယ်မှ ယခု ၁၉၉ နယ်အထိ လျှော့ချ၍ သတ်မှတ်ခဲ့ပါသည်။ ဘူဒါပက်စ်မြို့အား မဲဆန္ဒနယ် ၃၂ နယ် သတ်မှတ်ထားခြင်းမှ ယခုအခါ ၁၈ နယ်အဖြစ်လည်းကောင်း၊ မဲဆန္ဒနယ်အနည်းဆုံးဖြစ်သော ဟန်ဂေရီနိုင်ငံမြောက်ပိုင်းအား မဲဆန္ဒနယ် လေးခု သတ်မှတ်ထားရာမှ ယခုအခါ မဲဆန္ဒနယ် နှစ်ခုအဖြစ်သို့လည်းကောင်း သတ်မှတ်ခဲ့ကြပါသည်။ မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်သောစနစ် (Single Member Constituency)မဲဆန္ဒနယ် တစ်ခုလျှင် ပျမ်းမျှလူဦးရေ ၅၇၀၈၉ ဦးရှိခဲ့ပြီး လူဦးရေအများဆုံးရှိသည့် မဲဆန္ဒနယ်တွင် ၉၄၇၈၉ ဦးထိ ရှိခဲ့ပါသည်။

### လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ်လျှောက်ထားလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသော ဟန်ဂေရီနိုင်ငံသား ဖြစ်ရပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်ထားရာတွင် မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (Single Member Constituencies) နှင့် ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များအဖြစ်လျှောက်ထားနိုင်သည်။ မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားလိုသူများသည် မဲဆန္ဒရှင်စုစုပေါင်း ၅၀၀ ၏ လက်မှတ်ရေးထိုးထားသော အထောက်အထားနှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။ လူမျိုးစု အနည်းဆုံး ၁ ရာခိုင်နှုန်းရှိသည့် ဒေသအတွက် လူမျိုးစုကိုယ်စားပြု လွှတ်တော်

**မဲဆန္ဒရှင်များမဲပေးရာတွင် မဲရုံ၌ ဆန္ဒမဲပေးနိုင်သကဲ့သို့ မသန်စွမ်းသူများနှင့် ကျန်းမာရေးအခြေအနေအရ မဲရုံသို့ မလာရောက်နိုင်သူများအား မိုဘိုင်းဖုန်းမှတစ်ဆင့် ဆန္ဒမဲ ပေးနိုင်သည်။ မဲဆန္ဒရှင်များသည် မဲရုံတွင် ၀၆:၀၀ နာရီမှ ၁၉:၀၀ နာရီထိ မဲပေးခွင့်ရှိပါသည်။ သို့သော် မိုဘိုင်းဖုန်းမှ တစ်ဆင့် မဲပေးခြင်းအား ၁၅:၀၀ နာရီအထိသာ လက်ခံပါ သည်။ မဲရုံပိတ်ချိန်ရောက်သောအခါ မဲရုံပရိဝုဏ်အတွင်း ကျန်ရှိနေသူများကိုသာ မဲပေးခွင့်ပေးပါသည်**

ကိုယ်စားလှယ်များအဖြစ် လျှောက်ထားလိုသူသည် မဲဆန္ဒရှင်စုစုပေါင်း ၁၅၀၀ ၏ ထောက်ခံချက်ဖြင့် ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာများ (Single Member Constituency) အတွက် မဲဆန္ဒနယ် ၁၀၆ နေရာတွင် အနည်းဆုံး ၂၇ နေရာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လူမျိုးစုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များသည် ဟန်ဂေရီနိုင်ငံရှိစီရင်စုနယ်မြေ ၁၉ ခု၌ အနည်းဆုံး ကိုးခုနှင့်ဘူဒါပက်စ်မြို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်အသိအမှတ်ပြုထားသော လူမျိုးစုအဖွဲ့ ၁၃ စုသာရှိပါသည်။ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲတွင် လူမျိုးစု ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် အမည်စာရင်းတင်သော နိုင်ငံရေးပါတီ ၆၃ ပါတီရှိသော်လည်း ၁၈ ပါတီကိုသာ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါသည်။

### မဲဆွယ်စည်းရုံးခြင်း

မဲဆွယ်စည်းရုံးနိုင်သော ကာလသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့မတိုင်မီ ရက်ပေါင်း ၅၀ အလိုမှ ရွေးကောက်ပွဲ ကျင်းပသည့်နေ့အထိ ဖြစ်ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံမှမီတာ ၁၅၀ အတွင်း မဲဆွယ်စည်းရုံးမှု မပြုလုပ်ရပါ။ မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်အဖြစ် နိုင်ငံတော်ဘဏ္ဍာမှ EUR 3200 အား အသုံးပြုခွင့်ရှိပါသည်။ မဲဆွယ်စည်းရုံးနိုင်သော ပစ္စည်းများမှာ ပိုစတာများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းသို့ ဆက်သွယ်နိုင်သော လိပ်စာကတ်များ၊ ပါတီ၏ဆောင်ပုဒ်များ၊ ရွေးကောက်ပွဲ လှုံ့ဆော်ရေးပိုစတာများ စသည်တို့ သုံးစွဲခွင့်ရှိပါသည်။

### မဲပေးပိုင်ခွင့်သတ်မှတ်ချက်များ

ဟန်ဂေရီနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသော ဟန်ဂေရီနိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ရှိပါသည်။

ဟန်ဂေရီနိုင်ငံတွင် အတည်တကျနေထိုင်ခြင်းမရှိသောသူများ၊ ယာယီခိုလှုံခွင့်ရရှိထားသူများ၊ ပြည်သူ့အကျိုးအတွက် တရားရုံးမှ ယာယီထိန်းသိမ်းခြင်းခံထားရသူများ ၊ မှတ်ပုံတင်မရှိသူများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ ရာဇဝတ်ကျင့်ထုံးနည်းအရ ဆေးကုသမှုခံယူနေရသူများသည် မဲပေးခွင့် မရှိပါ။

### ဆန္ဒမဲပေးခြင်း

မဲဆန္ဒရှင်များ မဲပေးရာတွင် မဲရုံ၌ဆန္ဒမဲပေးနိုင်သကဲ့သို့ မသန်စွမ်းသူများနှင့် ကျန်းမာရေး အခြေအနေအရ မဲရုံသို့ မလာရောက်နိုင်သူများသည် မိုဘိုင်းဖုန်းမှတစ်ဆင့် ဆန္ဒမဲပေးနိုင်သည်။ မဲဆန္ဒရှင်များသည် မဲရုံတွင် ၀၆:၀၀ နာရီမှ ၁၉:၀၀ နာရီထိ မဲပေးခွင့်ရှိပါသည်။ သို့သော် မိုဘိုင်းဖုန်းမှတစ်ဆင့် မဲပေးခြင်းအား ၁၅:၀၀ နာရီအထိသာ လက်ခံပါသည်။ မဲရုံပိတ်ချိန်ရောက်သောအခါ မဲရုံပရိဝုဏ်အတွင်း ကျန်ရှိနေသူများကိုသာ မဲပေးခွင့်ပေးပါသည်။ နိုင်ငံရေးပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်နှင့် လူမျိုးစုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များအတွက် မဲပေးမည့်သူများသည် မိမိတို့နေထိုင်သော လိပ်စာကတ်ပြ၍ ဆန္ဒမဲပေးနိုင်ပါသည်။ ဟန်ဂေရီနိုင်ငံရှိ မဲဆန္ဒရှင်များသည် တစ်ချိန်တည်းတွင် မိမိဒေသမဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အတွက် တစ်ကြိမ်နှင့် နိုင်ငံရေးပါတီအတွက်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ပေးကြရမည် ဖြစ်ပါသည်။ သို့သော် ဟန်ဂေရီနိုင်ငံတွင် အခြေချနေထိုင်သော အသက် ၁၈ နှစ်ပြည့်ပြီးသူ အားလုံးသည် နှစ်မျိုးလုံးအတွက် ဆန္ဒမဲပေးခွင့်ရှိသော်လည်း အသက် ၁၈ နှစ်ပြည့်ပြီး ဟန်ဂေရီနိုင်ငံတွင် အခြေချနေထိုင်ခြင်းမရှိသော သူများသည် နိုင်ငံရေးပါတီကိုယ်စားပြု မဲတစ်မဲကိုသာ ပေးရပါသည်။ ထို့အပြင် ဟန်ဂေရီနိုင်ငံတွင် အခြေချနေထိုင်ပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် လူမျိုးစုမဲစာရင်းတွင် စာရင်းပေးထားသော မဲဆန္ဒရှင်ဖြစ်ပါက လူမျိုးစုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အား မဲပေးရပါသည်။

### မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း

မဲရုံတစ်ရုံတွင် မဲဆန္ဒရှင် ၆၀၀ ခန့်မှ ၁၅၀၀ အတွင်း မဲပေးခွင့်ပြုထားပါသည်။ မဲဆန္ဒရှင်များသည် ဗဟိုမဲဆန္ဒရှင်မှတ်ပုံတင်ရေးရုံး (Central Voter Register )သို့ သွားရောက်၍ မှတ်ပုံတင်ရပါသည်။ အဆိုပါရုံးတွင် ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ဦးဆောင်မှုဖြင့် အီလက်ထရောနစ်စနစ်ဖြင့် မှတ်ပုံတင်ပေးပါသည်။

မဲဆန္ဒရှင်များမှတ်ပုံတင်ခြင်းအား အောက်ပါအတိုင်း ခွဲခြားထားပါသည်-

(၁) ဟန်ဂေရီနိုင်ငံအတွင်း အခြေချနေထိုင်သူဖြစ်ပါက နိုင်ငံရေးပါတီကိုယ်စားပြု (သို့) လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ်များအား မဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေး ကတ်များကိုလည်းကောင်း၊ မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်အား မဲပေးနိုင်ရေးအတွက် မိမိတို့နေထိုင်သော လိပ်စာကတ်ပြသ၍ မှတ်ပုံတင်ရပါသည်။

(၂) ဟန်ဂေရီနိုင်ငံသားများ ၁၀ နှစ် အခြေချနေထိုင်သူဖြစ်ပြီး ဟန်ဂေရီလိပ်စာကတ် မပြနိုင်သူ လျှောက်ထားလာပါက ထိုသို့ လျှောက်ထားသူအား နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ မဲတစ်ခုကိုသာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှတ်ပုံတင်ပေးပါသည်။

### ဆန္ဒမဲရေတွက်ခြင်း

မဲရုံများပိတ်သိမ်းပြီးနောက် မဲရုံအဖွဲ့များသည် မဲရုံအကူကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများရှေ့၌ မဲရုံတွင်ပေးသောမဲများ၊ မိုဘိုင်းဖုန်းဖြင့်ပေးသော မဲအရေအတွက်များအား ချက်ချင်းရေတွက်ရပါသည်။ ထိုသို့ရေတွက်ရာတွင် မဲစာရွက်တွင် တရားဝင်အသိအမှတ် ပြုထားသည့် တံဆိပ်ခေါင်းမပါရှိသော မဲလက်မှတ်၊ တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲလက်မှတ်၊ မည်သူကိုမျှ ဆန္ဒပြုထားခြင်းမရှိသော မဲလက်မှတ်စသည်တို့ကို ပယ်မဲအဖြစ် သတ်မှတ်ပါသည်။

### ဗဟိုရွေးကောက်ပွဲကော်မရှင် (National Election Commission)၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ဟန်ဂေရီနိုင်ငံတွင် ဗဟိုရွေးကောက်ပွဲကော်မရှင် (National Election Commission)ကို မူလဗဟိုရွေးကောက်ပွဲကော်မရှင်တာဝန်မပြီးဆုံးမီ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်ဖြင့် အမျိုးသားလွှတ်တော်မှ ရွေးချယ်ပေးရပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်ကို အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းကာ သက်တမ်းမှာကိုးနှစ်ဖြစ်ပြီး အနည်းဆုံးအမျိုးသမီးနှစ်ဦးပါဝင်ရမည် ဖြစ်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ဥက္ကဋ္ဌသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင်မဟုတ်သူဖြစ်ရပါမည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံထားခြင်း မဟုတ်သူဖြစ်ရမည့်အပြင် ဆွေမျိုးတော်စပ်နေသူလည်း မဖြစ်ရပါ။ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပမည့်ရက်အား ရွေးကောက်ပွဲနေ့မတိုင်မီရက်ပေါင်း ၇၀ (သို့) ၉၀ အတွင်းကြိုတင်ကြေညာပေးပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယင်း၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆန္ဒမဲပေးမှုကို ကြီးကြပ်စေခြင်း၊
(ခ) မဲရလဒ်များအား ထုတ်ပြန်ကြေညာခြင်း၊
(ဂ) ရွေးကောက်ပွဲများကို တရားမျှတစွာနှင့် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခြင်း၊
(ဃ) လိုအပ်သော အမိန့်များနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ကြေညာခြင်း စသည်တို့ဖြစ်ပါသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်သည် မဲပေးသည့်နေ့မတိုင်မီ ရက်ပေါင်း ၅၈ ရက်ထက် နောက်မကျစေဘဲ မဲရုံစာရင်း၊ မဲရုံတည်နေရာများအား ကြေညာပေးရမည်ဖြစ်ပါသည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေ

ဟန်ဂေရီနိုင်ငံ၏ ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြုလုပ်၍ အတည်ပြုခဲ့ပါသည်။ ဟန်ဂေရီနိုင်ငံ၏ ပထမဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်သည့် ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၃၆ ခုနှစ်ဆိုဗီယက်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ယင်းနောက် ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ပြင်ဆင် ဖြည့်စွက်ခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် Fidesz ဦးဆောင်သောပါတီမှ အစိုးရသစ်ဖွဲ့စည်းပြီး ၂၀၁၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား မူကြမ်းစတင်ရေးဆွဲခဲ့ပါသည်။

*စာမျက်နှာ ၁၁ သို့*

# လူငယ်များသည် နိုင်ငံရေးအသုံးချခံများ မဟုတ်

မျိုးငြိမ်းငယ်

**မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် နိုင်ငံရေးဝန်းကျင်များသည် လူငယ်များ အနာဂတ် နိုင်ငံရေးပူးပေါင်းပါဝင်မှုအပေါ် မည်သို့အကျိုးသက်ရောက်မည်ဆိုသည်မှာ သတိပြုစရာ ဖြစ်ပါသည်။ လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဆက်လက်ပုံဖော်တည်ဆောက်ကြမည့်သူများဖြစ်ရာ ယင်းလူငယ်များကို ကိုယ်ကျိုးနိုင်ငံရေးတွင် အသုံးချခြင်းထက် တရားဝင်ပူးပေါင်းပါဝင်နိုင်ရန် ပြုစုပျိုးထောင်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက ယနေ့နိုင်ငံရေးအခြေအနေများသည် လူငယ်များအပေါ် လွှမ်းမိုးလာနိုင်ခြင်းနှင့်အတူ ၎င်းတို့အား အသုံးချနေခြင်းကြောင့် လူငယ်များ၏ ပစ္စုပ္ပန်အတွက်ဖြစ်စေ၊ အနာဂတ်အတွက်ဖြစ်စေ ဆိုးကျိုးများ သက်ရောက်စေမည်ဖြစ်သည်**

လူဆိုသည်မှာ မွေးလာစဉ်ကပင် ကြီးလာလျှင် ဘာဖြစ်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည် မဟုတ်ချေ။ မွေးဖွားလာပြီးနောက် မျိုးရိုးဗီဇ၊ ဝါသနာ၊ အထုံ၊ သင်ယူလေ့လာလိုက်စားမှုနှင့် ပတ်ဝန်းကျင်တို့အပေါ် မူတည်၍ ကျောင်းဆရာဖြစ်သူက ဖြစ်လာသည်။ ပညာရှင်ဖြစ်သူက ဖြစ်လာသည်။ ဆရာဝန်ဖြစ်သူက ဖြစ်လာသည်။ နိုင်ငံရေးသမားဖြစ်သူက ဖြစ်လာသည်... စသည်ဖြင့် အမျိုးမျိုးကွဲပြားသွားကြပြီးနောက် တစ်ဦးနှင့်တစ်ဦး အသက်မွေးဝမ်းကျောင်းများ၊ ကျင်လည်ရာဝန်းကျင်များ ကွဲပြားခြားနားသွားကြသည်။ လူတစ်ဦးချင်းအလိုက် အခြေအနေများ ကွဲပြားစေကာမူ လူတိုင်းတွင် မိမိဖြစ်လိုသည့် ဘဝရည်မှန်းချက်များကို ဖြစ်ခွင့်၊ ရည်မှန်းခွင့်၊ ကြိုးစားခွင့်များ ရှိနေသည်။ ဤသည်မှာ လူတစ်ဦး တစ်ယောက်၏ အခွင့်အရေး ဖြစ်သည်။

### မြန်မာ့ဓလေ့

မြန်မာ့ဓလေ့များတွင် သားသမီးများကို မိဘများ စိတ်ကြိုက်ပြုပြင် ထိန်းကျောင်းလေ့ရှိကြသည်။ သားသမီးများ၏ ဝါသနာပါရာ၊ စိတ်ဝင်စားရာအလိုက် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသည့်သူများရှိကြသော်လည်း အများအားဖြင့် သားသမီးများ၏ ဝါသနာထက် သားသမီး၏အနာဂတ် အသက်မွေးဝမ်းကျောင်း ကောင်းမွန်မှုအပေါ်သာ မူတည်၍ မိဘများက လမ်းကြောင်းပေးလေ့၊ ရွေးချယ်ပေးကြလေ့ရှိသည်။ သားသမီးများမှာလည်း ရှေးရိုးအစဉ်အလာ မြန်မာ့ဓလေ့အတိုင်းပင် မိဘစကားအတိုင်း လိုက်နာလေ့ရှိကြသည်ကများသည်။

အနောက်နိုင်ငံများတွင် လူငယ်များသည် အသက် ၁၈ နှစ်ပြည့်သည်နှင့် မိဘအုပ်ထိန်းမှုမှ ကင်းလွတ်၍ မိမိဘဝကို မိမိဘာသာရွေးချယ်လေ့ရှိသည်။ ထိုသို့ရွေးချယ်တတ်ရန်လည်း ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ကြသည်။ ကိုယ့်အားကိုယ် ကိုးတတ်ရန်၊ အမှားအမှန်ခွဲခြားတတ်စေရန်၊ ဥပဒေနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာတတ်စေရန်ကဲ့သို့သော အလေ့အကျင့်များကို မိသားစုတွင်း၊ ကျောင်းများနှင့် လူမှုပတ်ဝန်းကျင်တို့မှ သင်ကြားလေ့ကျင့်ပေးကြသည်။

မိမိတို့နိုင်ငံတွင် ထိုသို့လေ့ကျင့်သင်ကြားပေးမှုထက် ရှေးရိုးစွဲဓလေ့များကို ပိုမိုကိုင်စွဲထားကြဆဲဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များအတွက် အနာဂတ်လမ်းကြောင်း ရွေးချယ်ရာတွင်ဖြစ်စေ ယနေ့ကဲ့သို့ နိုင်ငံရေး ပါဝင်လှုပ်ရှားမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ဆိုင်ရာ၊ အပြုအမူဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာများနှင့် လူငယ်များ၏ အနာဂတ်နိုင်ငံရေး ပူးပေါင်းပါဝင်မှုတို့အတွက် စိန်ခေါ်မှုများ ရှိနေသည်ကို တွေ့မြင်လာရသည်။

### နိုင်ငံရေးတွင် လူငယ်များပါဝင်မှု

မြန်မာ့နိုင်ငံရေးတွင် လူငယ်များပါဝင်မှုမှာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကပင် တွေ့ရသည်။ သမိုင်းတစ်လျှောက် နိုင်ငံရေးလှုပ်ရှားမှုများတွင်လည်း လူငယ်များပါဝင်သည်ကို တွေ့မြင်ရသဖြင့် မြန်မာလူငယ်များနှင့် နိုင်ငံရေးသည် မစိမ်းဟုဆိုရပါမည်။ သို့သော် လူငယ်များ နိုင်ငံရေးတွင် ပါဝင်မှုမှာ အနာဂတ်မြန်မာ့နိုင်ငံရေးအတွက် မူဝါဒချမှတ်၍ လူငယ်များကို စနစ်တကျပြုစုပျိုးထောင် လက်ဆင့် ကမ်းကြသည်ထက် အရေးကြုံလာမှသာ နိုင်ငံရေးလှုပ်ရှားမှုများတွင် လူငယ်များ ပါဝင်လာသည့်သဘောကို ပိုမိုတွေ့မြင်ရသည်။

စနစ်တကျပြုစုပျိုးထောင်ခြင်းထက် လိုအပ်မှ ပါဝင်လာသည့်အခြေအနေ ဖြစ်သည်။ လတ်တလော အခြေအနေလိုအပ်ချက်အရ နိုင်ငံရေးတွင် ပါဝင်နေခြင်းထက် လူငယ်များအတွက် နိုင်ငံရေးအင်စတီကျူးရှင်းများတွင် နိုင်ငံရေးဝန်းကျင်ကောင်း ဖန်တီးခြင်း၊ လူသားရင်းမြစ်မွေးထုတ်ခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တရားဝင်ပူးပေါင်းပါဝင်ဆောက်ရွက်မှု (formal participation) ဖြစ်လာမည် ဖြစ်ပါသည်။ သို့သော်လည်း ယင်းသို့သော အလေ့အကျင့်များသည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အားနည်းနေဆဲဖြစ်သည်။

ယနေ့လူငယ်များဆိုသည်မှာ နောင်တစ်ချိန်တွင် နိုင်ငံ၏တာဝန်များကို လက်ဆင့်ကမ်းလွှဲပြောင်း ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြသည်။ ထိုအနာဂတ်မျိုးဆက်သစ်တို့သည် တစ်ချိန်တွင် နိုင်ငံ၏ ကဏ္ဍအသီးသီးသို့ ဝင်ရောက်လာကြမည် ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များပါဝင်ဆောင်ရွက်မှုသည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံလိုအပ်ချက်တစ်ချက်လည်းဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်း အတာအရလည်း နိုင်ငံ၏ နိုင်ငံရေးအင်စတီကျူးရှင်း လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားပြုမှုမှာ အတော်အတန်နိမ့်ကျနေဆဲဟု ဆိုသည်။

လူငယ်များအနေဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် ပါဝင်ရန်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက် ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရန် အခွင့်အလမ်းတို့သည် နိုင်ငံ၏ နိုင်ငံရေး၊ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာများအပေါ်တွင် များစွာတည်မှီနေသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအများစုရှိ လူမှုရေးစံနှုန်းများသည် ပုံစံမျိုးစုံခွဲခြားဆက်ဆံမှုများကို ဖြစ်စေလျက်ရှိသည်။ ထိုသို့သော အခြေအနေများကြောင့် လူငယ်များနိုင်ငံရေးတွင် ပူးပေါင်းပါဝင်မှုပုံစံမှာလည်း ကွဲပြားခြားနားလာသည်။

ယေဘုယျအားဖြင့် လူငယ်များနိုင်ငံရေး ပူးပေါင်းပါဝင်မှုတွင် တရားဝင်ပူးပေါင်းပါဝင်မှု (formal participation) နှင့် အလွတ်သဘော ပူးပေါင်းပါဝင်မှု (informal participation) အဖြစ် တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ လူငယ်များ နိုင်ငံရေးတွင် တရားဝင်နှင့် အလွတ်သဘောပါဝင်မှုကို နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဟု ဆိုနိုင်သည်။ တရားဝင်အဖွဲ့အစည်းဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ အသက်ကြီးသူများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည်ကို အထောက်အထားခိုင်ခိုင်မာမာ တွေ့ရှိရကြောင်း ကုလသမဂ္ဂ၏ youth, political participation and decision making တွင် ဖော်ပြထားသည်။ ယင်းသည် နိုင်ငံရေးစနစ်တစ်ရပ်အတွက် ကိုယ်စားပြုခြင်းအပေါ် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူငယ်များ၏ အခွင့်အရေးကို ဆုံးရှုံးစေသည်။

လူငယ်များနိုင်ငံရေးတွင် ပူးပေါင်းပါဝင်ခြင်းမှာ ဒီမိုကရေစီလုပ်ငန်းစဉ်အရ လိုအပ်သည်။ တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ နိုင်ငံရေးတွင် မည်သည့် ပုံစံ၊ အပြုအမူ၊ သဘောထားဖြင့် ပါဝင်သည် ဆိုသည်မှာလည်း လူငယ်များအတွက် အရေးကြီးလှသည်။ အထူးသဖြင့် မှန်ကန်သည့် နိုင်ငံရေး အလေ့အကျင့်ကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် အနာဂတ်နိုင်ငံရေးအတွက် အစဉ်အလာကောင်း အပြုအမူများ၊ သဘောထားများနှင့် ကျင့်ဝတ်များဖြင့် ပူးပေါင်းပါဝင်နိုင်မှသာ နိုင်ငံအတွက် နိုင်ငံရေးအခြေခံ အုတ်မြစ်ခိုင်မာအောင် တည်ဆောက်နိုင်မည် ဖြစ်သည်။

### နိုင်ငံရေးအလေ့အကျင့်ကောင်း

လူငယ်များ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု ရှိလာခြင်းသည် ဒီမိုကရေစီလုပ်ငန်းစဉ်အရ ကောင်းမွန်သော်လည်း နိုင်ငံရေးဝန်းကျင်၊ လုပ်ဆောင်မှု၊ သဘောထားနှင့် မျှော်မှန်းချက်တို့ ကောင်းမွန်ရန် လိုအပ်သည်။ မျိုးစေ့မည်မျှ ကောင်းမွန်စေကာမူ စိုက်ပျိုးမည့်ဝန်းကျင်ကောင်းမှသာ ယင်းမျိုးစေ့၏ ရှင်သန်ဖြစ်ထွန်းမှု၊ ကြီးထွားမှုနှင့် အရည်အသွေးမီ အသီးအပွင့်တို့ ရရှိနိုင်သကဲ့သို့ ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံရေး မျိုးဆက်သစ်လူငယ်များ နိုင်ငံရေးအလေ့အကျင့်ကောင်းများ ရရှိရန် ဆိုရာတွင် ကာယကံရှင် လူငယ်တစ်ဦးနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံ၏ နိုင်ငံရေးအင်စတီကျူးရှင်းများ၊ ပါတီများ၊ လူငယ်ဆိုင်ရာမူဝါဒများ၊ အစဉ်အလာဓလေ့များ၊ နိုင်ငံရေးဝန်းကျင်တို့နှင့် သက်ဆိုင်နေသည်။ စနစ်တကျပြုစုပျိုးထောင်၍ ကြီးထွားလာသော အပင်တစ်ပင်မှ ထွက်ကုန်အရည်အသွေးနှင့် အလေ့ကျပေါက်သော အပင်တစ်ပင်မှ ထွက်ကုန်အရည်အသွေး မတူညီသကဲ့သို့ပင် ဖြစ်သည်။

မြန်မာ့နိုင်ငံရေး ဓလေ့ဝန်းကျင်နှင့် အလေ့အကျင့်များမှာ formal participation ထက် informal participation ကို ပိုမိုတွေ့မြင်ရသည်။ သို့ဖြစ်ရာ နိုင်ငံရေးယဉ်ကျေးမှု၊ နိုင်ငံရေးဝန်းကျင်နှင့် အပြုအမူတို့မှာ ယနေ့လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ရည်မှန်းချက်နှင့် နှိုင်းစာပါက နိုင်ငံရေးအလေ့အကျင့်ကောင်းများ ဖြစ်လာစေရန် ဆက်လက်ပြုစုပျိုးထောင်ရန် လိုအပ်ဦးမည်ဖြစ်သည်။

### အဟန့်အတားများ

လူငယ်များ နိုင်ငံရေးတွင် ပါဝင်မှုနှင့် ပတ်သက်၍ ကန့်သတ်ချက်များရှိနေကြောင်း ကုလသမဂ္ဂက ဆိုသည်။ ယင်းကန့်သတ်ချက် အတားအဆီးများတွင် ဆင်းရဲမွဲတေမှု၊ ပညာသင်ကြားခွင့် အခက်အခဲများ၊ ပုံစံမျိုးစုံနှင့် ခွဲခြားဆက်ဆံခံရခြင်းများ၊ မျှော်လင့်ချက်များနှင့် အခွင့်အလမ်းများသတ်မှတ်ရာတွင် ကန့်သတ်ချက်များ ပါဝင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း လူငယ်များအတွက် အခက်အခဲများရှိနေသည်ဟု ဆိုသည်။

ပထမအချက်မှာ ဖွဲ့စည်းပုံအဆင့်တွင် လူငယ်များ ပူးပေါင်းပါဝင်မှုဆိုင်ရာ အဟန့်အတားများ ဖြစ်သည်။ ယင်းအဟန့်အတားများတွင် မဲပေးပိုင်ခွင့်၊ ရွေးကောက်ပွဲမဲဆွယ်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များ၊ ကုန်ကျစရိတ်များ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့် ခွဲခြားဆက်ဆံရမှုများ ပါဝင်သည်။ ဒုတိယအချက်မှာ တစ်ဦးချင်းအနေဖြင့် အခက်အခဲများဖြစ်သည်။ ယင်းတွင် နိုင်ငံရေးအင်စတီကျူးရှင်းများအပေါ် မယုံကြည်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအပေါ် ယုံကြည်မှုမရှိခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်ဆိုင်ရာ အသိပညာရရှိနိုင်သည့် အခွင့်အလမ်း မရှိခြင်း၊ လူမှုရေးနှင့် စီးပွားရေးအရ ချန်လှပ်ခံရခြင်းတို့ ပါဝင်သည်။ တတိယအချက်ဖြစ်သည့် အဖွဲ့အစည်းဆိုင်ရာများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ၊ ပါတီများနှင့် ဥပဒေပြု အဖွဲ့အစည်းများ၏ လူငယ်ဆိုင်ရာမူဝါဒများ မဆီလျော်မှု သို့မဟုတ် မထိရောက်မှုသည် တရားဝင်နိုင်ငံရေးများ (informal politics) တွင် လူငယ်များ ပါဝင်ဆောင်ရွက်မှုကို အကန့်အသတ် ဖြစ်စေသည့် အချက်များဖြစ်ကြောင်း ဆိုသည်။

ယင်းစိန်ခေါ်မှုများသည် ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း ရှိနေသည်ဖြစ်ရာ လူငယ်များအတွက် တရားဝင်နိုင်ငံရေးတွင် ပါဝင်လာစေရေး လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မဟုတ်ပါက ယနေ့ကဲ့သို့ လတ်တလောနိုင်ငံရေးဖြစ်စဉ်များတွင် လူငယ်များကို အသုံးချလာခြင်းများကြောင့် နိုင်ငံအတွက် ဖြစ်စေ၊ လူငယ်များအတွက်ဖြစ်စေ နစ်နာဆုံးရှုံးနိုင်သည်။

### လူငယ်များသည် နိုင်ငံရေးအသုံးချခံမဟုတ်

နိုင်ငံရေးအလေ့အကျင့်များသည် လူငယ်များအပေါ် လွှမ်းမိုးတတ်ကြသည်။ နိုင်ငံရေးဆိုင်ရာ လူမှုဆက်ဆံရေး (Political socialization) သည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများပေါ်တွင် မူတည်နေကြသည်။ ယင်းနိုင်ငံရေးအခြေအနေများသည် လူငယ်များအပေါ် လွှမ်းမိုးနေသည်ဖြစ်ရာ မျိုးဆက်အလိုက် မှီခိုမှုဆိုင်ရာအကျိုးသက်ရောက်မှုမှာ မေးခွန်းထုတ်စရာဖြစ်လာသည်။ ဤမေးခွန်းအတွက် အမျိုးမျိုးသောလေ့လာမှုများအရ နိုင်ငံရေးဆိုင်ရာလူမှုဆက်ဆံရေးတွင် တစ်ဦးတစ်ယောက်၏ နိုင်ငံရေးဆိုင်ရာလူမှုဆက်ဆံရေးပုံစံသည် မိမိပတ်ဝန်းကျင်နှင့် ကူးလူးဆက်ဆံစဉ်အတွင်း ကျယ်ပြန့်သော အကြောင်းအရာများမှ လွှမ်းမိုးထားကြောင်း တွေ့ရှိရသည်။

ထို့အပြင် Jennings (1984) က လူမှုဆက်ဆံရေးကို မိဘများမှ ၎င်းတို့၏သားသမီးများထံသို့ တိုက်ရိုက်ကူးစက်ခြင်းသာမက လူမှုအဆင့်အတန်းမှတစ်ဆင့်လည်း ကူးစက်နိုင်ကြောင်း ဆိုသည်။ သို့ဖြစ်ရာ ဆိုးရွားသော နိုင်ငံရေးဆိုင်ရာအကျင့်စရိုက်များ၊ အပြုအမူများ၊ အမြင်နှင့် သဘောထားများသည် လူငယ်များ၏ အနာဂတ်နိုင်ငံရေး ပါဝင်ဆောင်ရွက်မှုများအပေါ် အပျက်သဘော အကျိုးသက်ရောက်လာနိုင်သည်။ *စာမျက်နှာ ၁၁ သို့*

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

နေပြည်တော်  ဒီဇင်ဘာ  ၃

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၅၆) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမတွင် ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီ၌ Virtual စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ သိရသည်။

သတင်းစဉ်

## အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ်လုပ်ကိုင်ရန် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၃

အမျိုးသမီးများကို ပြည့်တန်ဆာ အဖြစ်လုပ်ကိုင်ရန် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံ ဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှု ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁နှစ်စီ ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နေမ---- ၃၃နှစ်၊ မ---- ၃၄ နှစ်၊ မ---- ၃၀နှစ်နှင့် မ---- (ကွယ်လွန်)တို့ လေးဦးကို တစ်မြို့ တည်းနေ ဒေါ်သန်းသန်းဝင်းက ရေးမြို့တွင် အလုပ်လုပ်ကိုင်ပါက ငွေအမြောက်အမြား ရမည်ဟု လိမ်လည်ပြောဆို စည်းရုံးပြီး ရေးမြို့ အဏ္ဏဝါရပ်ကွက်နေ "ဘုရင်မ" ဘီယာဆိုင်ပိုင်ရှင် ဦးထင်ကျော်ထံ ပြည့်တန်ဆာ အဖြစ် လုပ်ကိုင်ရန်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံ ဖြတ်ရယူခဲ့သဖြင့် ဝေါမြို့မ ရဲစခန်း(ပ) ၂၉/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ် ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူး ခရိုင်တရားရုံးသို့တရားစွဲတင်ပို့ခဲ့ ရာ ဒီဇင်ဘာ ၁ ရက်တွင် တရားခံ ဒေါ်သန်းသန်းဝင်းနှင့် ထင်ကျော် တို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသ ကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေသူ မ ---- ၁၅ နှစ် နှစ်လအား တစ်မြို့နယ်တည်း နေသူ အောင်ဇော် ၂၁ နှစ်၊ (ဘ) ဦးပေါက်စနှင့် ဇနီးဖြစ်သူ မမော် မော်သန်း(ခ) မချစ်ပို(ခ)လရိပ် ၂၁ နှစ် (ဘ)ဦးတင်ထွန်းတို့က KTV တွင် အလုပ်လုပ်ကိုင်လျှင် ငွေ အမြောက်အမြားရမည်ဟု လိမ် လည်ပြောဆိုစည်းရုံးပြီး မကြည် ကြည်ခိုင်(ခ) မခိုင်မှ တစ်ဆင့် ပြည့်တန်ဆာအိမ်သို့ ပို့ဆောင် ရောင်းစား၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မြို့မရဲစခန်း (ပ)၁၀၆၃/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်း ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ ရာ နိုဝင်ဘာ ၂၆ ရက်တွင် တရားခံ အောင်ဇော်၊ မမော်မော်သန်း(ခ) ချစ်ပိုနှင့် မကြည်ကြည်ခိုင် (ခ) မခိုင်တို့ သုံးဦးကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ်၂၀စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

---

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရ မည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

---

*စာမျက်နှာ ၉ မှ*

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသား လူနည်းစုပါတီများအတွက် မဲပေးခြင်းဆိုင်ရာ အခွင့်အရေးများပါ ထည့်သွင်းရေးဆွဲခဲ့ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၁၁ ခုနှစ် ဧပြီ ၁၈ ရက် တွင် ထောက်ခံမဲသုံးပုံနှစ်ပုံ two-third majority စနစ်ဖြင့် လွှတ်တော်၏အဆိုပြုမှု ရယူခဲ့ပါသည်။ ၂၀၁၁ ခုနှစ်ဧပြီလ ၂၅ ရက်နေ့တွင် သမ္မတမှ လက်မှတ်ထိုး၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၁၃ ခုနှစ် မတ်လတွင် နောက်ဆုံးအကြိမ် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခဲ့ခြင်း ဖြစ်ကာ ဟန်ဂေရီနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုစုစုပေါင်းလေးကြိမ်ရှိခဲ့ပါသည်။

**ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲ**

ဟန်ဂေရီနိုင်ငံ၏ (၈) ကြိမ်မြောက် အထွေထွေ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် နေရာစုစုပေါင်း ၁၉၉ နေရာကို ၂၀၁၈ ခုနှစ် ဧပြီ ၈ ရက်၌ ရွေးချယ်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့် မှတ်ပုံတင်ထားသူ စုစုပေါင်း ၈၃၁၂၁၇၃ ဦးရှိပြီး မဲပေးခဲ့သူဦးရေ စုစု ပေါင်းမှာ ၅၇၉၁၈၆၈ ဦး ဖြစ်ပါသည်။ ပါတီများ ရရှိသော ခိုင်လုံမဲစုစုပေါင်းမှာ ၅၇၃၂၂၈၃ မဲဖြစ်ပြီး ပယ်မဲစုစုပေါင်းမှာ ၅၉၅၈၅ မဲဖြစ်ပါသည်။ Fidesz (KDNP)ပါတီသည် ၁၃၃ နေရာဖြင့် အများဆုံး နေရာရရှိခဲ့ပါသည်။

**နိဂုံး**

ဟန်ဂေရီနိုင်ငံသည် ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အသွင်ကူး ပြောင်းလာခြင်း ဖြစ်ပါသည်။ ထို့နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေများအား ပြင်ဆင်လာခဲ့ရာ ရွေးကောက်ပွဲတွင် တိုင်းရင်းသား လူနည်းစုများပါ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခံနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းလာခဲ့ပါသည်။ ထို့ကြောင့် ဟန်ဂေရီနိုင်ငံသားတိုင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးပြောင်းလဲမှု တွင် အဓိကကျသော ဥပဒေတစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် လွှတ်တော်ရွေးကောက်ပွဲများသည်လည်း အရေးပါ နေကြောင်းတွေ့ရှိပါသည်။ လွှတ်တော်ရွေးကောက် ပွဲများ ကျင်းပရေးအတွက် နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေမှုဖြစ်မည့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင်းပပေးခြင်းသည် အရေးကြီးသောအရာ တစ်ခုဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါ သည်။ ။

ကျမ်းကိုးစာရင်း
- http://archive.ipu.org/parline-e/reports/2141_b.htm
- https://en.wikipedia.org/wiki/Elections_in_Hungary
- https://www.euronews.com/2014/03/25/how-do-hungary-s-elections-work
- https://en.wikipedia.org/wiki/Constitution_of_Hungary
- https://www.polyas.de/blog/en/online-elections/hungarian-parliamentary-system
- https://en.wikipedia.org/wiki/History_of_Hungary
- https://en.m.wikipedia.org/wiki/2019-hungarian-local-election

---

*စာမျက်နှာ ၁၀ မှ*

ယနေ့ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် နိုင်ငံရေးဝန်းကျင်များသည် လူငယ်များ အနာဂတ်နိုင်ငံရေးပူးပေါင်းပါဝင်မှုအပေါ် မည်သို့အကျိုးသက်ရောက်မည် ဆိုသည်မှာ သတိပြုစရာဖြစ်ပါသည်။ လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဆက်လက်ပုံဖော်တည်ဆောက်ကြမည့်သူများဖြစ်ရာ ယင်းလူငယ်များကို ကိုယ်ကျိုးနိုင်ငံရေးတွင် အသုံးချခြင်းထက် တရားဝင်ပူးပေါင်းပါဝင်နိုင်ရန် ပြုစုပျိုးထောင်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက ယနေ့နိုင်ငံရေး အခြေအနေများသည် လူငယ်များအပေါ် လွှမ်းမိုးလာနိုင်ခြင်းနှင့်အတူ ၎င်းတို့အား အသုံးချနေခြင်းကြောင့် လူငယ်များ၏ ပစ္စုပ္ပန်အတွက်ဖြစ်စေ၊ အနာဂတ်အတွက်ဖြစ်စေ ဆိုးကျိုးများ သက်ရောက်စေမည်ဖြစ်သည်။ ခေတ်အဆက်ဆက် အရိုးစွဲလာသော နိုင်ငံရေးဓလေ့များ၊ သဘောထားများ၊ အယူအဆများနှင့် ကျင့်ဝတ်တို့သည် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ချင့်ချိန်ကြရမည်ဖြစ်ပြီး ယင်းဓလေ့စရိုက်များဖြင့် လူငယ်များကို အသုံးချနေပါက နိုင်ငံ၏မျှော်မှန်းချက်နှင့် ဆန့်ကျင်ဘက်လားရာသို့သာ ဦးတည်နေဦးမည် ဖြစ်သည်။ ။

ကိုးကား
၁။ https://aceproject.org/ace-en/topics/yt/yt30/political-parties 2019-codes-of-conduct
၂။ United Nation, YOUTH, POLITICAL PARTICIPATION AND DECISION-MAKING
၃။ https://www.frontiersin.org/articles/10.3389/fpos.2020.00001/full

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၀၁ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၁၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၄၅၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၄၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၉၉၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၆၆၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၁၉၀၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၅၄၀ နှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၇၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၃၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၁၆၉ ဦး၊ ရေဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၁၇၀၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ ကျောင်းသားကျောင်းသူ ၁၃၀၄ ဦး၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ ကျောဖုံးမှ

ပွဲချိန် ၁၃ မိနစ်တွင် စမစ်ရိုဝီက သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ဖာနန်ဒက်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူအသင်းကစားအားတက်လာပြီး ပွဲချိန် ၅၂ မိနစ်တွင် ဒုတိယဂိုးရရှိခဲ့ကာ စီရော်နယ်ဒိုက သွင်းယူပေးနိုင်ခဲ့သည်။

### သွင်းဂိုး ၈၀၁ ဂိုးမြောက် ရောက်ရှိ

ပွဲချိန် ၅၄ မိနစ်တွင် အာဆင်နယ်အသင်းအတွက် အိုဒီဂတ်က သွင်းယူပေးနိုင်ခဲ့သောကြောင့် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်။ ပွဲချိန် မိနစ် ၇၀ တွင် မန်ယူအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး စီရော်နယ်ဒိုက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သောကြောင့် မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စီရော်နယ်ဒိုသည် ယခုပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး ရရှိခဲ့သောကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၈၀၁ ဂိုးမြောက်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

### နည်းပြ ကာရစ် အိုးထရက်ဖို့ဒ်မှ ထွက်ခွာ

ပွဲစဉ်အပြီးတွင် မန်ယူယာယီနည်းပြ ကာရစ်သည် အိုးထရက်ဖို့ဒ်မှ ထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အိုးထရက်ဖို့ဒ်တွင် ကစားသမားဘဝဖြင့် ၁၂ နှစ်ကြာ ဖြတ်သန်းခဲ့သော ကာရစ်သည် နိုဝင်ဘာ ၂၁ရက်တွင် မန်ယူအသင်းက ဆိုးလ်ရှားကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်သောကြောင့် ယာယီနည်းပြ တာဝန်ယူခဲ့ရသူဖြစ်သည်။ ၎င်းယာယီနည်းပြ တာဝန်ယူစဉ်အတွင်း ပွဲစဉ်သုံးပွဲကိုင်တွယ်ခဲ့ရာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားသည်။ **အောင်ဇော်**






အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



# တောင်ကိုရီးယားတွင် အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ခြောက်ဦးအထိရှိလာ

**ဆိုးလ် ဒီဇင်ဘာ ၃**

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့်နှိုင်းယှဉ်ပါက ၄၉၄၄ ဦး တိုးလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၆၂၅၅ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံး ကူးစက်ဖြစ်ပွားသူအရေအတွက် ၅၂၆၆ ဦးထက် လျော့နည်းခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀၀ အထက် ရောက်ရှိနေသေးသည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၂၀၉၄ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၄၆၄ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၃၀၆ ဦးမှာ အင်ချွန်မှဖြစ်သည်။

ပြည်ပကူးစက်ဖြစ်ပွားသူ ၂၁ ဦးနှင့်အတူ စုစုပေါင်း ပြည်ပကူးစက်ဖြစ်ပွားသူအရေအတွက် ၁၅၈၁၇ ဦးအထိ ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၅၉ ဦး ရှိလာခဲ့သည်။

အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံရသူ ခြောက်ဦးအထိရှိလာခဲ့ပြီး နိုင်ငံခြားကူးစက်ဖြစ်ပွားသူ လေးဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ နှစ်ဦးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေခံစားနေရသူ ၇၃၆ ဦးအထိ တိုးလာခဲ့၍ ယမန်နေ့ကထက် သုံးဦးတိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၃၇၃၉ ဦးအထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက်ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၂၆၁၈၂၉၆ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၃ ဒသမ ၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်း ၄၁၁၉၂၃၄၈ ဦး သို့မဟုတ် ၈၀ ဒသမ ၂ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အပိုဆောင်းကာကွယ်ဆေး ထိုးပြီးသူ ၃၅၇၀၄၁၄ သို့မဟုတ် ၇ ဒသမ ၀ ရာခိုင်နှုန်းရှိသည်။ **ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံတွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ရောဂါ အာခေါင်တို့ဖတ်နမူနာယူနေသည်ကို တွေ့ရစဉ်။

# မလေးရှားတွင် အိုမီခရွန် ဗီဇပြောင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတစ်ဦး တွေ့ရှိမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၄၄၀၂၇ ဦးအထိရှိလာ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃**

မလေးရှားနိုင်ငံတွင် ပထမဆုံး အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူတစ်ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ခါရီဂျမာလူဒင်က ဒီဇင်ဘာ ၃ ရက်က ပြောကြားလိုက်သည်။ ကူးစက်ဖြစ်ပွားသူမှာ တောင်အာဖရိကမှ နိုဝင်ဘာ ၁၉ ရက်က ရောက်ရှိလာသော မလေးရှားကျောင်းသားတစ်ဦးဖြစ်ကြောင်း ခါရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၀၆ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၄၄၀၂၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၅၇၉၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နောက်ထပ် ၄၇ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၀၅၂၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှ ဆင်းလာသူ ၇၂၄၆ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂၅၅၁၂၅၃ ဦး ရှိလာပြီဖြစ်သည်။



ကွာလာလမ်ပူလေဆိပ်တွင် ပီပီအီးဝတ်စုံဖြင့် ခရီးသည်တစ်ဦး စစ်ဆေးခံရန်တန်းစီနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၆၂၂၅၃ ဦးအနက် ၅၁၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၂၆၆ ဦးမှာ အသက်ရှူ အထောက်အကူ ကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂ ရက် တစ်ရက်တည်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူ ၁၅၀၃၅၇ ဦးရှိခဲ့ရာ လူဦးရေ၏ ၇၉ ဒသမ ၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရပြီး ၇၇ ဒသမ ၈ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၃၄၆၁၅၇၅၇ ဦးအထိရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၃**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၂၁၆ ဦး ရှိလာသောကြောင့် ဒီဇင်ဘာ ၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၆၁၅၇၅၇ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၉၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၇၀၁၁၅ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၉၉၇၆ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၃ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှဆင်းလာသူ စုစုပေါင်း ၃၄၀၄၅၆၆၆ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှဆင်းလာသူ ၈၆၁၂ ဦး ရှိသည်။ **ဆင်ဟွာ**

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၆၆ သန်း ကျော်လွန်ရောက်ရှိ

**အဒစ်အဘာဘာ ဒီဇင်ဘာ ၃**

အာဖရိကတွင် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၆၆၃၂၀၂ ဦးရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၂၃၄၇၀ ရှိလာပြီဖြစ်ကြောင်းနှင့် ၈၁၀၃၆၀၄ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ကူးစက်ဖြစ်ပွားသူပေါင်း သုံးသန်းနီးပါးရှိကာ မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၅၀၀၈၈ ဦးအထိရှိလာခဲ့သည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံတွင် ပထမဆုံး အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတစ်ဦး စစ်ဆေးတွေ့ရှိ

**ကိုလံဘို ဒီဇင်ဘာ ၃**

သီရိလင်္ကာနိုင်ငံတွင် ပထမဆုံး အိုမီခရွန် ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ တစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။




သီရိလင်္ကာနိုင်ငံတွင် ပထမဆုံး အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်သစ် တွေ့ရှိခဲ့သည်ကို ဖော်ပြထားသည့်စာတန်းပါ ပုံတစ်ပုံကိုတွေ့ရစဉ်။

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးမြှင့်တင်ရေး ဗျူရိုက နိုင်ဂျီးရီးယားမှ မကြာသေးမီက ပြန်လာသူတစ်ဦးတွင် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်သစ်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ လတ်တလောတွင် ၎င်းကို ကွာရန်တင်းစင်တာသို့ပို့ဆောင်ထားကြောင်း ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ဆောင်မှုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဟီမန်သာဟီရတ်က ကျန်းမာရေး အာဏာပိုင်များ၏ သတိထားစောင့်ကြည့်ဆောင်ရွက်မှုအတွင်း ယခုလိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုလို တွေ့ရှိခဲ့သည်မှာ ကြောက်ရွံ့စရာ မဟုတ်ကြောင်းနှင့် စိတ်အေးအေးထားရန် ၎င်းက ပြည်သူလူထုကို တိုက်တွန်းထားသည်။

အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်သစ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် သီရိလင်္ကာနိုင်ငံသည် တောင်အာဖရိကအပါအဝင် အာဖရိက ခြောက်နိုင်ငံမှ နိုင်ငံခြားခရီးသွားများဝင်ရောက်မှုကို ယာယီကန့်သတ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် -၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးနှံရေး အမိန့်ထုတ်ပြန်ရန် ဂျာမနီအစီအစဉ်ရှိ

**ဘာလင် ဒီဇင်ဘာ ၃**

ဂျာမနီနိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေးမထိုးရသေးသူများအပေါ် တင်းကျပ်ရန်နှင့် လာမည့်နှစ် ဖေဖော်ဝါရီလမှစတင်ကာ ကာကွယ်ဆေးမဖြစ်မနေထိုးနှံရေး အမိန့်ထုတ်ပြန်ရန်အတွက် အစီအစဉ်ရှိသည်ဟု ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြောသည်။

ဂျာမနီနိုင်ငံ၌ နေ့စဉ်ကူးစက်မှုအရေအတွက်မှာလည်း ဆက်လက်များပြားနေပြီး နိုဝင်ဘာလအကုန်အထိ နေ့စဉ်ကူးစက်မှုမှာ ၇၆၀၀၀ ကျော်ရှိသည်။ ဒီဇင်ဘာ ၁ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၄၄၆ ဦးရှိသည်ဟု ရောဘတ်ကို့ချ် အင်စတီကျူက ဖော်ပြထားသည်။

အရေးတကြီး မလိုအပ်သည့် ဆိုင်များနှင့် စားသောက်ဆိုင်များသို့ သွားသည့်အခါ ကာကွယ်ဆေးအပြည့်ထိုးထားသူ သို့မဟုတ် မကြာသေးမီကမှ ရောဂါကူးစက်ခံရပြီး နာလန်ထူလာသူများကိုသာ ဝင်ခွင့်ပြုမည်ဟုသိရသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ကာကွယ်ဆေးမဖြစ်မနေထိုးနှံမှု ပြုလုပ်ရန် အစိုးရကစီစဉ်ထားသည်ဟု ဂျာမနီဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။



ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်။

ဂျာမနီနိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်မှာ နှေးကွေးလျက်ရှိပြီး အချို့လူများမှာ ကာကွယ်ဆေးထိုးနှံမှုခံယူရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်။ ဒီဇင်ဘာ ၂ ရက်အထိ တိုင်းပြည်လူဦးရေ၏ ၆၈ ဒသမ ၇ ရာခိုင်နှုန်းကိုသာ ကာကွယ်ဆေးအပြည့် ထိုးပေးရသေးသည်။

တိုင်းပြည်၏ ဆေးဘက်ဝန်ဆောင်မှုစနစ်မှာလည်း ဝန်ပိလာသည်ဟု အင်ဂျလာမာကယ်က ထောက်ပြပြောဆိုခဲ့သည်။ လက်ရှိအခြေအနေများအရ မဖြစ်မနေ ကာကွယ်ဆေးထိုးနှံမှုခံယူရန် အမိန့်ထုတ်သင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဩစတြေးလျနိုင်ငံတွင်လည်း ဖေဖော်ဝါရီလမှစတင်ကာ ကာကွယ်ဆေး မဖြစ်မနေ ထိုးနှံမှုခံယူရန် စီစဉ်သွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စု၌ အိုမီခရွန် ကူးစက်ခံရသူ နှစ်ဦး ထပ်မံတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၃**

ပြီးခဲ့သည့်လအတွင်း နယူးယောက်မြို့၌ ရုပ်ပြဇာတ်ကောင်များပွဲတော်သို့ တက်ရောက်ခဲ့ကြသူများကို ကိုဗစ် -၁၉ ဆေးစစ်မှုခံယူရန် အမေရိကန် ကျန်းမာရေးအာဏာပိုင်များက တိုက်တွန်းထားသည်။

ပွဲတက်ရောက်ခဲ့သူ တစ်ဦးမှာ အိုမီခရွန်ကူးစက်ခံရသည်ဟု သိရှိပြီးနောက် ယခုလို အကြံပြုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။ အမျိုးသားလူနာတစ်ဦးမှာ နယူးယောက်မြို့၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက် အထိကျင်းပသော ရုပ်ပြဇာတ်ကောင်များ ပွဲတော်သို့ တက်ရောက်ပြီးသည့်နောက် အနောက်အလယ် ပိုင်းပြည်နယ်မှ နေအိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။



နယူးယောက်ရုပ်ပြဇာတ်ကောင်များပွဲတော်သို့ တက်ရောက်သူများ။

အပျော့စား လက္ခဏာများ တွေ့ရှိပြီးနောက် နိုဝင်ဘာ ၂၄ ရက်တွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နယူးယောက် အုပ်ချုပ်ရေးမှူး ကတ်သီ ဟိုကော်က အဆိုပါပွဲသို့ တက်ရောက်ခဲ့ကြသူများ ကိုဗစ်- ၁၉ ဆေးစစ်ကြရန် တိုက်တွန်းခဲ့သည်။ လူပေါင်း ၅၃၀၀၀ မှာ အဆိုပါပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ၎င်း၏ ပြည်နယ်အတွင်း အိုမီခရွန် ကူးစက်ခံရသူ ငါးဦး ထက်မနည်း တွေ့ရှိရပြီး အားလုံးမှာ အသေးစားလက္ခဏာများသာပြကြောင်း ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ထိုးပေးပြီးဖြစ်

**ဒါကာ ဒီဇင်ဘာ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ကျော် ထိုးပေးပြီး မှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထိုးနှံပေးသည့် ကာကွယ်ဆေး သုံးပုံနှစ်ပုံမှာ တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးများ ဖြစ်သည်။ လူပေါင်း ၆၂၇၃၃၇၃၉ ဦးကို ပထမအကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်ပြီး ၃၇၂၆၈၃၈၄ ဦးကို ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဇန်နဝါရီလအတွင်းမှ စတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၁၀၁ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဒီဇင်ဘာ ၃**

စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၂ ရက်က နောက်ထပ် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၁၀၁ ဦးထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ထပ်ကူးစက်ခံရသူများအနက် ၁၀၅၀ မှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၄၁ ဦးမှာ ရွှေ့ပြောင်းလုပ်သားများဖြစ်သည်။ ၁၀ ဦးမှာမူ ပြည်ပမှ ကူးစက်ခံလာရသူများဖြစ်သည်ဟု သိရသည်။

လက်ရှိ ဆေးရုံတက်နေရသူ ၉၉၁ ဦးရှိပြီး ၁၉၄ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်ထားရသည်။ လူနာကိုးဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# ဥရောပသမဂ္ဂအပါအဝင် နိုင်ငံသုံးနိုင်ငံက ဘီလာရုဇ်နိုင်ငံအပေါ် ပိတ်ဆို့မှုပြစ်ဒဏ်ချ

**မင်စ်ခ် ဒီဇင်ဘာ ၃**

ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံတို့သည် ဘီလာရုဇ်နိုင်ငံအပေါ် ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံ နယ်စပ်နှင့် ဘီလာရုဇ်နယ်စပ်တို့တွင် ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးစုပြုံလာမှုနှင့် ပတ်သက်ပြီး ဘီလာရုဇ်နိုင်ငံအပေါ် ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂ ရက်တွင် ဥရောပသမဂ္ဂနှင့် နိုင်ငံသုံးနိုင်ငံတို့က ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအသီးသီးကို ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းနှင့် အခြားသော နေရာများမှဟု ယူဆရသော ထောင်နှင့်ချီသည့် ရွှေ့ပြောင်းနေထိုင်သူများသည် ပြီးခဲ့သည့်လမှစတင်ကာ ဘီလာရုဇ်နိုင်ငံ အနောက်ပိုင်း နယ်စပ်တစ်လျှောက်တွင် စုဝေးနေထိုင်ခဲ့ကြသည်။ ဥရောပသမဂ္ဂက ဘီလာရုဇ်နိုင်ငံအပေါ် ယခင်ချမှတ်ထားသည့် ပိတ်ဆို့မှုပြစ်ဒဏ်များကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ငံရေးလက်နက်အဖြစ် ဘီလာရုဇ်သမ္မတ အလက်ဇန္ဒြားလူကာရှန်ကိုက အသုံးပြုနေသည်ဟု ဥရောပသမဂ္ဂက စွပ်စွဲခဲ့သည်။

ဥရောပသမဂ္ဂသည် လူပုဂ္ဂိုလ် ၁၇ ဦးနှင့် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားလမ်းညွှန် အဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်း ၁၁ ခုတို့ကို ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဆိုပါ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများပိုင်ဆိုင်သည့် ပစ္စည်းများကို ပိတ်ဆို့ထားခြင်းနှင့် ဥရောပသမဂ္ဂ နယ်မြေများသို့ ခရီးသွားလာခွင့် ပိတ်ပင်ခြင်းတို့ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဘီလာရုဇ်နှင့် ပိုလန်နိုင်ငံ နယ်စပ်မှ ရွှေ့ပြောင်းနေထိုင်သူများ။

# ဒီဇင်ဘာ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀၂ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၁၂၇ ဦး ရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် နိုင်ငံပေါင်း (၃၆) နိုင်ငံအထိ ပျံ့နှံ့လျက်ရှိ**

**(၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၃၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀၂) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၄၆,၂၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၃,၇၄၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၁၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၉,၂၆၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၂၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | ၆၄၉ ခု | ၂၃ ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | ၁၁၇ ခု | ၁၁ ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၃၆၆ ခု | ၁ ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၁၇၀ ခု | ၃ ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၁၃၈ ခု | ၁ ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | ၉၆၀ ခု | ၁ ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၅၄၀ ခု | ၁၄ ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၁၆,၃၉၂ ခု | ၃၄၈ ဦး |
| **စုစုပေါင်း** | ၁၉,၃၃၂ ခု | ၄၀၂ ဦး |

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၃-၁၂-၂၀၂၁) ရက်နေ့၊ (၁၅:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၃၆) နိုင်ငံအထိ ပျံ့နှံ့လျက်ရှိကြောင်း သိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် အတည်ပြုလူနာ (၂)ဦးနှင့် အရှေ့တောင်အာရှဒေသမှ မလေးရှားနိုင်ငံတွင် အတည်ပြုလူနာ (၁) ဦးတို့တွင် တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron(အိုမီခရွန်)နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၃၀-၁၁-၂၀၂၁ ရက်နေ့မှ ၃-၁၂-၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၆.၀၀၀ သန်း ဖြစ်ပါသည်။ ၃-၁၂-၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၂၆-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၉,၉၂၉,၈၃၅,၁၄၂.၅၃ |
| (+) ၃၀-၁၁-၂၀၂၁ မှ ၃-၁၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၆,၀၀၀,၀၀၀.၀၀ |
| **၃-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၆၉,၉၃၅,၈၃၅,၁၄၂.၅၃** |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၆-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |
| (+) ၃၀-၁၁-၂၀၂၁ မှ ၃-၁၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| **၃-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၂၅,၈၆၂,၃၄၉.၅၃** |

**ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၃၀-၁၁-၂၀၂၁ ရက်နေ့မှ ၃-၁၂-၂၀၂၁ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၃-၁၂-၂၀၂၁ | ၆,၀၀၀,၀၀၀ |
| ၁ | ဦးသိန်းစိန်+ဒေါ်ခင်ခင်ဝင်း မိသားစု (နေပြည်တော်) | ၃,၀၀၀,၀၀၀ |
| ၂ | ဦးအိုက်ဆိမ် YADANARBON TRAVELS & TOURS COMPANY LIMITED (ရန်ကုန်) | ၃,၀၀၀,၀၀၀ |
| | | |
| | (၃၀-၁၁-၂၀၂၁ ရက်နေ့မှ ၃-၁၂-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၆,၀၀၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth)နှင့် လွှမ်းမိုးနေသော အချက်များ

**ဆေးဝန်ထမ်းတစ်ဦး**

*(ယမန်နေ့မှ အဆက်)*

### ပတ်ဝန်းကျင်နိုင်ငံများရဲ့ မျှော်မှန်းသက်တမ်း


၂၀၂၁ ခုနှစ်အတွင်းမှာရှိတဲ့ အာဆီယံနိုင်ငံတွေရဲ့မျှော်မှန်းသက်တမ်းကို ကြည့်မယ်ဆိုရင် စင်ကာပူနိုင်ငံဟာ မျှော်မှန်းသက်တမ်း ၈၄ ဒသမ ၁ နှစ်နဲ့ အမြင့်ဆုံးဖြစ်တာကို တွေ့ရမှာဖြစ်တယ်။ အဲဒီနောက်မှာတော့ ထိုင်းနိုင်ငံ ၇၇ ဒသမ ၇ နှစ်၊ မလေးရှား ၇၆ ဒသမ ၆ နှစ်၊ ဘရူနိုင်း ၇၆ ဒသမ ၃ နှစ်၊ ဗီယက်နမ် ၇၅ ဒသမ ၇ နှစ်၊ အင်ဒိုနီးရှား ၇၂ ဒသမ ၃ နှစ်၊ ဖိလစ်ပိုင် ၇၁ ဒသမ ၆ နှစ်၊ ကမ္ဘောဒီးယား ၇၀ ဒသမ ၅ နှစ်၊ လာအို ၆၈ ဒသမ ၉ နှစ်နဲ့ မြန်မာနိုင်ငံအနေနဲ့ ၆၇ ဒသမ ၈နှစ်နဲ့အစဉ်လိုက် ရပ်တည်နေတာကို တွေ့ရမှာဖြစ်တယ်။ အခြားသောအိမ်နီးချင်းနိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းကို ကြည့်လိုက်တဲ့ အခါမှာလည်း တရုတ်နိုင်ငံ ၇၆ ဒသမ ၉ နှစ်၊ အိန္ဒိယနိုင်ငံ ၆၉ ဒသမ ၇ နှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၇၂ ဒသမ ၆ နှစ် အသီးသီးရှိတာကို တွေ့ရမှာဖြစ်တယ်။ ဒီအချက်တွေကို လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေထဲမှာ မျှော်မှန်းသက်တမ်း အနိမ့်ဆုံးဖြစ်နေတာကို တွေ့ရှိရပါတယ်။

### မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းနှင့် ပတ်သက်၍ သိသင့်သော အချက်များ

မြန်မာနိုင်ငံ လူဦးရေတစ်ရပ်လုံးရဲ့ မျှော်မှန်းသက်တမ်းဟာ ၂၀၂၁ ခုနှစ်မှာ ၆၇ ဒသမ ၈ နှစ်ဖြစ်တာကို တွေ့ရမှာဖြစ်တယ်။ ဒီနေရာမှာ မြန်မာအမျိုးသားများရဲ့ မျှော်မှန်းသက်တမ်းကတော့ ၆၄ ဒသမ ၇ နှစ်ဖြစ်ပြီး အမျိုးသမီးတွေကတော့ ၇၀ ဒသမ ၈ နှစ်ဖြစ်တာကို တွေ့ရမှာဖြစ်တယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၅၀ ပြည့်နှစ်မှာ မျှော်မှန်းသက်တမ်း ၃၃ ဒသမ ၆ နှစ်ပဲ ရှိခဲ့ရာကနေ ၁၉၉၅ ခုနှစ်မှာ ၅၈ ဒသမ ၅ နှစ်၊ ၂၀၀၀ ပြည့်နှစ်မှာ ၆၀ ဒသမ ၁ နှစ်၊ ၂၀၀၅ ခုနှစ်မှာ ၆၁ ဒသမ ၆ နှစ်၊ ၂၀၁၀ ပြည့်နှစ်မှာ ၆၃ ဒသမ ၅ နှစ်၊ ၂၀၁၅ ခုနှစ်မှာ ၆၅ ဒသမ ၈ နှစ်နဲ့ ၂၀၂၀ ပြည့်နှစ်မှာတော့ ၆၇ ဒသမ ၂ နှစ်နဲ့ တဖြည်းဖြည်းချင်း တိုးတက်လာတာကို တွေ့ရပါတယ်။

နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းအပေါ် အဓိကသက်ရောက်မှုရှိတဲ့ အချက်တစ်ခုကတော့ နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပဲ ဖြစ်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အရ ပြောမယ်ဆိုရင် မြန်မာနိုင်ငံဟာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းတဲ့နိုင်ငံတွေထဲမှာ ပါဝင်နေတာကို တွေ့ရမှာဖြစ်တယ်။ နိုင်ငံလူဦးရေအများစုဟာ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအတွက် ကိုယ်တိုင်ကုန်ကျခံရတဲ့နည်းလမ်း (Out of Pocket Payment) ကိုသာ အလေးထားနေရဆဲဖြစ်တယ်။ နိုင်ငံလူဦးရေ၅၅ သန်းရှိတဲ့အထဲက လူဦးရေခြောက်သိန်းကျော်လောက်သာ ကျန်းမာရေးအာမခံစနစ်ရှိတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှုကိုလည်း အပြင်းအထန်ကြုံတွေ့နေရတဲ့ နိုင်ငံလည်းဖြစ်တယ်။ ဒီလိုပြတ်လပ်တဲ့နေရာမှာ ဆရာဝန်တစ်ခုတည်းမဟုတ်ဘဲ သူနာပြု၊ ဆေးဝါးကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင် အစရှိတဲ့လူသားအရင်းအမြစ်များကပါ လျော့ပါးလာနေတာကို တွေ့ရှိရမှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ဆရာဝန်နဲ့ လူဦးရေအချိုးအစားကို ကြည့်မယ်ဆိုရင်လည်း လူတစ်သိန်းမှာ ဆရာဝန် ၆၁ ဦးပဲရှိတာကိုတွေ့ရမှာဖြစ်တယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စံသတ်မှတ်ချက်အရဆိုရင် လူဦးရေတစ်သိန်းမှာ ဆရာဝန် ၁၀၀ ရှိသင့်တယ်လို့ ဆိုထားတာကို တွေ့ရမှာဖြစ်တယ်။ ဒီသတ်မှတ်ချက်အရဆိုရင် မြန်မာနိုင်ငံအနေနဲ့ လုံလောက်တဲ့ ဆရာဝန်အချိုးအစား ရရှိဖို့အတွက် ကြိုးစားရဦးမယ်ဆိုတာကို တွေ့ရှိရမှာဖြစ်တယ်။ စာရင်းဇယားများအရ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်တွင်းဆေးတက္ကသိုလ်တွေကနေ ဆရာဝန်ပေါင်း သုံးသောင်းကျော် မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီလို မွေးထုတ်ပေးခဲ့တဲ့ ဆရာဝန်တွေထဲက ၂၀၂၀ ပြည့်နှစ်အထိ ကျန်းမာရေးဌာနတွေမှာ တာဝန်ထမ်းဆောင်နေသူ တစ်သောင်းခွဲကျော်သာရှိတဲ့အတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်မှုအနေနဲ့ ထက်ဝက်ကျော်ခန့်သာ ရှိတာကို တွေ့ရှိခဲ့ရပါတယ်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှုမရှိတဲ့ ဆရာဝန်အရေအတွက် များပြားခြင်းဟာလည်း နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားတဲ့ ဆုံးရှုံးမှု ဖြစ်တယ်လို့ပဲ ဆိုရမှာဖြစ်တယ်။ ဒီလိုလုံလောက်တဲ့ ဆရာဝန်ဦးရေ မရရှိခြင်းဟာ နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် တိုက်ရိုက်သက်ရောက်စေတဲ့အချက်တွေ ဖြစ်ပါတယ်။




မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများ၏ မျှော်မှန်းသက်တမ်းပြပုံ။

**စာရင်းဇယားများအရ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်တွင်းဆေးတက္ကသိုလ်တွေကနေ ဆရာဝန်ပေါင်း သုံးသောင်းကျော် မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုမွေးထုတ်ပေးခဲ့တဲ့ ဆရာဝန်တွေထဲက ၂၀၂၀ ပြည့်နှစ်အထိ ကျန်းမာရေးဌာနတွေမှာ တာဝန်ထမ်းဆောင်နေသူ တစ်သောင်းခွဲကျော်သာရှိတဲ့အတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်မှုအနေနဲ့ ထက်ဝက်ကျော်ခန့်သာရှိတာကို တွေ့ရှိခဲ့ရပါတယ်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှုမရှိတဲ့ ဆရာဝန်အရေအတွက်များပြားခြင်းဟာလည်း နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားတဲ့ဆုံးရှုံးမှုဖြစ်တယ်လို့ပဲ ဆိုရမှာဖြစ်တယ်**

ကျန်းမာရေးစနစ်အနေနဲ့ အားနည်းနေပေမယ့်လည်း အစိုးရအဆက်ဆက်ဟာ တိုးတက်ကောင်းမွန်အောင် ကြိုးစားလာခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ ကျန်းမာရေး အသုံးစရိတ်အနေနဲ့ ၂၀၁၁ ခုနှစ်မှာ ဂျီဒီပီတစ်ခုလုံးရဲ့ ၁ ဒသမ ၇ ရာခိုင်နှုန်းကိုသာ အသုံးပြုခဲ့ပေမယ့် ၂၀၁၃ ခုနှစ်မှာ ၂ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၅ ရာခိုင်နှုန်းအထိ အသီးသီး တိုးတက်လာတာကို တွေ့ရမှာဖြစ်တယ်။ အထူးသဖြင့် အဆိုပါ ကျန်းမာရေးအသုံးစရိတ်တွေကို မိခင်နဲ့ကလေးကျန်းမာရေးကဏ္ဍတွေမှာ တိုးတက်သုံးစွဲခဲ့တာကို လေ့လာတွေ့ရှိရမှာ ဖြစ်တယ်။ နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းကို တိုးတက်လာစေဖို့အတွက် အခုလိုဆောင်ရွက်လာတာဟာ ပြည့်စုံကောင်းမွန်ပြီဟု မဆိုသာပေမယ့် မြန်မာနိုင်ငံအနေနဲ့ မှန်ကန်တဲ့ လမ်းကြောင်းတစ်ခုပေါ်ကို ရောက်ရှိနေတယ်လို့တော့ ဆိုရမှာဖြစ်တယ်။

ကျန်းမာရေး ပြုစုစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်တဲ့နေရာမှာ အရေးကြီးတဲ့အချက်တစ်ခုကတော့ နိုင်ငံတကာရဲ့ ပံ့ပိုးဆောင်ရွက်မှုတွေပဲဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးမျှော်မှန်းချက် ၂၀၃၀ (Myanmar Health's Vision 2030) အတွက် ပူးပေါင်းဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်တယ်။ ကမ္ဘာ့ဘဏ်အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ မရှိမဖြစ်သော ကျန်းမာရေးဝန်ဆောင်မှု (Essential Health-care Services Package) အတွက် ဒေါ်လာသန်း ၂၀၀ ထောက်ပံ့ခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ အဲဒီလိုပဲ Japan International Cooperation Agency-JICA နဲ့ Cooperative for Assistance and Relief Everywhere-CARE လို နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွက် ထောက်ပံ့ကူညီနေတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါတွေဟာ နိုင်ငံရဲ့မျှော်မှန်းသက်တမ်းအပေါ်ကို သက်ရောက်စေမှာ ဖြစ်တယ်။

နိုင်ငံရဲ့မျှော်မှန်းသက်တမ်းအပေါ် သက်ရောက်စေတဲ့ အခြားအချက်တစ်ခုကတော့ နိုင်ငံအတွင်းမှာရှိတဲ့ လူတွေအနေနဲ့ ဘယ်လိုရောဂါမျိုးတွေနဲ့ သေဆုံးနေကြသလဲ ဆိုတာပဲဖြစ်တယ်။ ယခင်ကတော့ မြန်မာလူမျိုးတွေရဲ့ သေဆုံးမှု အကြောင်းရင်းတွေကို ကြည့်မယ်ဆိုရင် ငှက်ဖျား၊ တီဘီ၊ ဝမ်းရောဂါနဲ့ ခုခံအားကျဆင်းမှုရောဂါတွေဖြစ်တဲ့ ကူးစက်ရောဂါကြောင့် သေဆုံးမှုများခဲ့ကြတာကို တွေ့ရမှာဖြစ်တယ်။ အခုအခါမှာတော့ သေဆုံးမှုရဲ့ ၆၈ ရာခိုင်နှုန်းဟာ မကူးစက်နိုင်တဲ့ ရောဂါတွေဖြစ်တဲ့ သွေးတိုးရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါနဲ့ ရင်ကျပ်ရောဂါတွေကြောင့်ဖြစ်တာကို တွေ့ရပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံအနေနဲ့ မျှော်မှန်းသက်တမ်း တိုးတက်လာဖို့အတွက် ဘယ်လို ရောဂါမျိုးတွေကို ထိန်းချုပ်ဆောင်ရွက်ဖို့ သင့်သလဲဆိုတဲ့အချက်ကို မီးမောင်းထိုးပြနေတာလည်းဖြစ်တယ်။

သဘာဝဘေးအန္တရာယ်တွေနဲ့ ကပ်ရောဂါဘေးတွေဟာလည်း မျှော်မှန်းသက်တမ်းကို လျော့ကျစေတဲ့အချက်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၈ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ နာဂစ်ဆိုင်ကလုန်း သဘာဝဘေးအန္တရာယ်ကြောင့် မျှော်မှန်းသက်တမ်း နိမ့်ကျခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ အခုအချိန်မှာဖြစ်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါကြောင့်လည်း လာမယ့်နှစ်တွေမှာ နိုင်ငံအချို့ရဲ့ မျှော်မှန်းသက်တမ်း နိမ့်ကျသွားနိုင်တယ်လို့ ပညာရှင်တွေက အသိပေးပြောဆိုထားကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံတွေထဲမှာ မျှော်မှန်းသက်တမ်း အနိမ့်ဆုံးနိုင်ငံဖြစ်နေရခြင်းရဲ့ အကြောင်းရင်းတစ်ခုကတော့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရတဲ့ အချိန်ကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနွံထဲကို နစ်ခဲ့ခြင်းပဲဖြစ်တယ်။ တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားနေခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် လူငယ်လူရွယ်များ အချိန်မတိုင်မီ သေဆုံးရမှု၊ နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်တွေမှာ အားနည်းလာခြင်းကြောင့် နိုင်ငံရဲ့မျှော်မှန်းသက်တမ်းဟာ တိုးတက်သင့်သလောက်မတိုးတက်တာကိုတွေ့ရမှာဖြစ်တယ်။

ဒီလိုမျိုး နှစ်ပေါင်း ၅၀ ကျော် လက်နက်ကိုင်ပဋိပက္ခတွေ ရှိနေခဲ့ပေမယ့်လည်း မြန်မာနိုင်ငံရဲ့ မျှော်မှန်းသက်တမ်းဟာ ဖြည်းဖြည်းမှန်မှန် တိုးတက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်ရခြင်းရဲ့ အကြောင်းတွေထဲက တစ်ခုကတော့ ဆင်းရဲမွဲတေမှုတွေ လျော့ပါးလာတဲ့အတွက်ပဲဖြစ်တယ်။ ဆင်းရဲမွဲတေမှုအနေနဲ့ ၂၀၀၅ ခုနှစ်မှာ လူဦးရေရဲ့ ၄၈ ဒသမ ၂ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုမျဉ်းအောက်မှာ ရှိခဲ့ပေမယ့် ၂၀၁၇ အရောက်မှာတော့ လူဦးရေရဲ့ ၂၄ ဒသမ ၈ ရာခိုင်နှုန်းပဲ ရှိတော့တာကို တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ အစိုးရအဆက်ဆက်ဟာ ကျန်းမာရေးအသုံးစရိတ်တွေကို တိုးတက်ဖြန့်ခွဲပေးခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မိတ်ဆွေနိုင်ငံတွေကလည်း မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှု လျှော့ချဖို့အတွက် ထောက်ပံ့ကူညီခဲ့ကြတာကို တွေ့ရမှာဖြစ်တယ်။ ဥပမာအနေနဲ့ ကမ္ဘာ့ဘဏ်က ၂၀၁၇ ခုနှစ်မှာ နိုင်ငံအတွင်း စီးပွားရေးတည်ငြိမ်ဖို့အတွက် ဒေါ်လာသန်း ၂၀၀ ထောက်ပံ့ခဲ့တာကို တွေ့ရှိရမှာဖြစ်သလို တရုတ်နိုင်ငံကလည်း ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုလျော့ပါးရေးအတွက် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အသက်မွေးမှုပညာရပ်များ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့တာတွေလည်း တွေ့ရှိရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ဆင်းရဲမွဲတေမှု လျော့ပါးလာပြီး နိုင်ငံရဲ့မျှော်မှန်းသက်တမ်းကို တိုးတက်လာစေမှာဖြစ်တယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများနှင့် လူသတ်မှုအပါအဝင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဇေယျာနောင်(ခ) နောင်နှင့် မနန္ဒာအောင်(ဘ) ဦးသန်းစိုးတို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) အရ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတို့နှစ်ဦးကို "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်အား အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



လှိုင်သာယာ(အနောက်ပိုင်း) မြို့မရဲစခန်း၏ (ပ) ၁၆၅ / ၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အမှုမှ တရားခံ ကိုမင်း(ခ)ဒီကေ၊ နိုင်လင်းစိုးနှင့် ထက်လှိုင်ဦး(ခ)ငထက် (ဝဲမှယာ) တို့၏ မှတ်တမ်းဓာတ်ပုံ။

အလားတူ စက်တင်ဘာ ၁၃ ရက်တွင် ဟိန်းထက်အောင် (ခ) ဈာန်ရဲ(ဘ)ဦးရဲမြင့်၊ အာကာသိန်း (ခ)အာကာ (ဘ)ဦးမြင့်သိန်းတို့ နှစ်ဦးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၄၉) ရပ်ကွက်နေ ဆယ်အိမ်မှူးတစ်ဦးကို သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံ သတ်ဖြတ်ခဲ့ခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ဥပဒေပုဒ်မ- ၃၀၂(၁)(ခ)/ ၃၄ အရ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတို့နှစ်ဦးကို "သေဒဏ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့အတူ စက်တင်ဘာ ၃၀ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၃)ရပ်ကွက်နေ မျိုးမင်း (ခ)မျိုးမြင့်သည် တစ်ရပ်ကွက်တည်းနေသူနှင့် စကားများရန်ဖြစ်ရာမှ လူသတ်မှုကို လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် စစ်ကိုင်းလမ်းနေ ထက်လှိုင်ဦး (ခ) ငထက် (ဘ) ဦးဝင်းနိုင် အပါအဝင် သုံးဦးတို့သည့်



ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၏ (ပ) ၂၇၇ / ၂၀၂၁ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည) အမှုမှ တရားခံ ဇေယျာနောင်(ခ)နောင်၏ မှတ်တမ်းဓာတ်ပုံ။



ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၏ (ပ) ၂၄၅ / ၂၀၂၁ ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ခ)/ ၃၄ အမှုမှ တရားခံ ဟိန်းထက်အောင်(ခ)ဈာန်ရဲ ၏ မှတ်တမ်းဓာတ်ပုံ။



လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း၏ (ပ) ၄၈၂ / ၂၀၂၁ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၂)အမှုမှ တရားခံ မျိုးမင်း၏ မှတ်တမ်းဓာတ်ပုံ။

အောက်တိုဘာ ၁၂ ရက်တွင် တစ်ရပ်ကွက်တည်းနေသူနှင့်စကားများရန်ဖြစ်ကြရာမှ လူသတ်မှုကို လည်းကောင်း၊ နေဝင်း(ဘ)ဦးဖြိုးသည် စက်တင်ဘာ ၂၀ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁၂) ရပ်ကွက်၌ ရိုက်နှက်ရာမှ လူသတ်မှုကို လည်းကောင်း ကျူးလွန်ခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ- ၃၀၂ (၂) အရ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတို့ ငါးဦးကို "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ် " ပြစ်ဒဏ်အား အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲ ထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# စာသင်ကျောင်းများနှင့် သင်တန်းကျောင်းများအား အကြမ်းဖက်သမားများက လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ ဖောက်ခွဲဖျက်ဆီး




စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လာရောက်ပစ်ခတ်တိုက်ခိုက်မှု။

နေပြည်တော် ဒီဇင်ဘာ ၃

**အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက် ဖောက်ခွဲရေးလုပ်ရပ်များအတွက် ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များပြုလုပ်ခဲ့ရာ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းအား အကြမ်းဖက်အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက် နံနက် ၄ နာရီတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မြို့မ(၁)ရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၏ ရုံးအဆောက်အဦအား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ကာ ရုံးအဆောက်အဦတစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြို့ကုန်း မြို့မရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့တံတားအနီး၌ တာဝန်ကျ တပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်နေစဉ် အကြမ်းဖက်အဖွဲ့က လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ အကြမ်းဖက်အဖွဲ့က မျက်နှာချင်းဆိုင်ရှိ ပန်းခြံမှနေ၍ လက်နက်ငယ်များဖြင့်ပစ်ခတ်၍ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ကျောင်းစောင့်ဖြစ်သူ ဦးမြင့်ဝင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ကောလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် တယ်လီဖုန်းတာဝါတိုင် ၄၀၉ ခု ပျက်စီးဆုံးရှုံးခဲ့

နေပြည်တော် ဒီဇင်ဘာ ၃

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDFအမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တယ်လီဖုန်းတာဝါတိုင်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ နိုဝင်ဘာ ၃၀ ရက်အထိ တယ်လီဖုန်းတာဝါတိုင် ၄၀၉ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

၁-၂-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့ထိ တယ်လီဖုန်းတာဝါတိုင် ဖျက်ဆီးမှုစာရင်း

*(ယမန်နေ့မှ အဆက်)*

| စဉ် | ပြည်နယ်/ တိုင်း | မြို့နယ် ကျေးရွာ | ဖျက်ဆီးမှု | | တယ်လီဖုန်း တာဝါတိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | | |
| ၂၁၄ | ပဲခူး | ရေတာရှည်၊ ဆွာမြို့ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်း ၁ လုံးတွေ့ရှိမှု |
| ၂၁၅ | ပဲခူး | ဒိုက်ဦး စဉ့်ကူးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၁၆ | ပဲခူး | ထန်းတပင် ငါးဆီးလှောင်ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၁၇ | မကွေး | မြိုင်၊ ထန်းကြီးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးပေါက်ကွဲမှု |
| ၂၁၈ | မကွေး | မြိုင်၊ ပေါက်ရင်း | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၂၁၉ | မကွေး | မြိုင်၊ သံချောင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၂၂၀ | မကွေး | ပေါက်၊ ထန်းတောဦးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၂၂၁ | မကွေး | ပွင့်ဖြူ၊ သရက်တောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၂၂ | မကွေး | မြိုင်၊ မကျီးလေးပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲခံရမှု |
| ၂၂၃ | မကွေး | ထီးလင်း အင်းနားကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲခံရမှု |
| ၂၂၄ | မကွေး | မြိုင်၊ ဝယ်တောင်(တ)ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲခံရမှု |
| ၂၂၅ | မကွေး | မြိုင်၊ ဝယ်တောင်(တ)ရွာ | - | ၁ | Telenor တာဝါတိုင် | ဖောက်ခွဲခံရမှု |
| ၂၂၆ | မကွေး | ပခုက္ကူ ၊ (၃)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၂၇ | မကွေး | ရေစကြို ကျောက်ဖူးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၂၈ | မကွေး | ပေါက် ဘိုကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၂၉ | မကွေး | ကံမ ကြို့ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၃၀ | မကွေး | ချောက်၊ ဆူးပုတ်တန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၃၁ | မကွေး | မြိုင်၊ ဝက်ပုတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးပေါက်ကွဲမှု |
| ၂၃၂ | မကွေး | ရေနံချောင်း မုန်ကန်ကျေးရွာ အနောက်၂မိုင်ခန့် | - | ၁ | MYTEL တာဝါတိုင် | ကေဘယ်ကြိုး ၃ချောင်း မီးရှို့ဖျက်ဆီးခံရမှု |
| ၂၃၃ | မကွေး | နတ်မောက် တံခွန်တိုင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၃၄ | မကွေး | တောင်တွင်းကြီး ကုက္ကိုကုန်းရွာမ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၃၅ | မကွေး | မကွေး အောင်မင်္ဂလာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၃၆ | မကွေး | ပေါက်အင်းတိမ်ကျေးရွာ | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၃၇ | မကွေး | နတ်မောက် သမှုန်းကုန်းကြီးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၃၈ | မကွေး | နတ်မောက် သပွတ်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၃၉ | မကွေး | နတ်မောက် ဆည်လည်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၀ | မကွေး | မင်းလှ ငါးဘတ်အိုင်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၁ | မကွေး | မြိုင် ညောင်ကွင်း(န)ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၂ | မကွေး | တောင်တွင်းကြီး အိုးပေါက်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၃ | မကွေး | ရေစကြို မြေစွန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၄ | မကွေး | မြိုင်၊ ဇီးဖြူပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၄၅ | မကွေး | တောင်တွင်းကြီး၊ ဇီးတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးလောင်ပျက်ဆီးမှု |
| ၂၄၆ | မကွေး | မင်းတုန်း၊ တောင်ပတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးလောင်ပျက်ဆီးမှု |
| ၂၄၇ | မကွေး | ဆောမြို့ နသိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၈ | မကွေး | ဆောမြို့ တပြင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၉ | မကွေး | ရေစကြို၊ ဇီးတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၅၀ | မကွေး | ရေစကြို ပေါက်တောရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅၁ | မကွေး | မကွေး ကန်သာရပ်ကွက် | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅၂ | မကွေး | မြိုင်၊ ကြည်ကန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၃ | မကွေး | ရေစကြို၊ မအူတောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၄ | မကွေး | စလင်း ဖောင်းလင်းရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၅ | မကွေး | စလင်း ငါးသန်းခေါင်းရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၆ | မကွေး | မကွေး၊ ဂန့်ဂေါ | - | ၁ | MYTEL တာဝါတိုင် | ဗုံးခွဲဖျက်ဆီးခံရမှု |
| ၂၅၇ | မကွေး | မြိုင်၊ အင်းရောင်းရွာ | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၅၈ | မကွေး | ဆင်ပေါင်ဝဲ၊ ရွာပုလဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅၉ | မကွေး | ပခုက္ကူ ၊ (၃)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၀ | မကွေး | ရေစကြို ထန်းတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၁ | မကွေး | ရေစကြို ပခန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၂ | မကွေး | ရေစကြို သမန္တပို့တောရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၃ | မကွေး | မင်းလှ မလွန်စမ်းကျေးရွာ | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၄ | မကွေး | ပေါက် ၊ ငွေးဂုံးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၅ | မကွေး | ဆိပ်ဖြူ၊ အင်းကန် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၆ | မကွေး | မြိုင်၊ အောင်ချမ်းသာရွာ | - | ၁ | Ooredooတာဝါတိုင် | ဆက်စပ်ပစ္စည်းများအား ဖျက်ဆီးခံရမှု |
| ၂၆၇ | မကွေး | မြိုင်၊ မြေနုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၈ | မကွေး | ပေါက်၊ ပြစ်ထဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၉ | မကွေး | ဆိပ်ဖြူ အနောက်ကမ်းဖြူရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၂၇၀ | မကွေး | ပေါက် ပေခုနှစ်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၂၇၁ | မကွေး | ပေါက် ငမို့ကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်း/မီးပုလင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခံရမှု |
| ၂၇၂ | မန္တလေး | မတ္တရာမြို့၊ ပတ်လည်အင်းရွာ | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၃ | မန္တလေး | စဉ့်ကူးမြို့၊ ကျည်တောက်ပေါက်ရွာ | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၄ | မန္တလေး | သပိတ်ကျင်းမြို့၊ ကျောက်ဖြာရွာ | - | ၁ | Ooredoo တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၂၇၅ | မန္တလေး | သာစည်မြို့၊ ကျည်းကန်ရွာ | - | ၁ | MYTEL တာဝါတိုင် | မီးပုလင်းနှင့်ပစ်ပေါက်ဖျက်ဆီးခံရမှု |
| ၂၇၆ | မန္တလေး | ပြင်ဦးလွင်၊ ဆင်လမ်းရွာ | - | ၁ | Ooredoo တာဝါတိုင် | လက်လုပ်မိုင်းခွဲဖျက်ဆီးမှု |
| ၂၇၇ | မန္တလေး | ငါန်းဇွန်ကားလမ်းဘေး | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၈ | မန္တလေး | ငါန်းဇွန်(၄)ရပ်ကွက် | - | ၁ | Mytel Ooredoo Telenol | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၉ | မန္တလေး | ဝမ်းတွင်း၊ ဖလံကျင်း | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈၀ | မန္တလေး | ဝမ်းတွင်း သဲတောလေး | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈၁ | မန္တလေး | မိုးကုတ် မြို့မရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၂ | မန္တလေး | မတ္တရာ အမှတ်(၄)မုန်စီရပ် | - | ၁ | Telenor တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၃ | မန္တလေး | စဉ့်ကူးမြို့၊ ကံပျိုကျေးရွာ | - | ၁ | Ooerdoo တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၄ | မန္တလေး | နွားထိုးကြီး လှျော်ဖြူ(တ)ရွာ | - | ၁ | MPT တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၅ | မန္တလေး | သပိတ်ကျင်း ကံသာကျေးရွာ | - | ၁ | MPT တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၆ | မန္တလေး | ပုသိမ်ကြီး၊ လိမ်ပင်ကျေးရွာ | - | ၁ | MPT တာဝါတိုင် | လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲမှု |
| ၂၈၇ | မန္တလေး | မိုးကုတ်၊ ဗမွန်ကျေးရွာ | - | ၁ | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု |
| ၂၈၈ | မန္တလေး | သပိတ်ကျင်း၊ ဝါဖြူတောင်ကျေးရွာ | - | ၁ | Ooredooတာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈၉ | မန္တလေး | သပိတ်ကျင်း၊ ကွင်း၃၀ကျေးရွာ | - | ၁ | Ooredoo တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၉၀ | မန္တလေး | မလှိုင် သက္ကယ်ကျင်းရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု |
| ၂၉၁ | မန္တလေး | ပြည်ကြီးတံခွန် (စ)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၉၂ | မန္တလေး | မိုးကုတ် ရှောလီဝိုင်းရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၉၃ | မန္တလေး | မိတ္ထီလာ၊ ကုက္ကိုလ်ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ပစ္စည်းများအား ခိုးယူဖျက်ဆီးခံရမှု |
| ၂၉၄ | မန္တလေး | ကျောက်ဆည် ကုလားကျောင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၉၅ | မန္တလေး | နွားထိုးကြီး မာန်လည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲခံရမှု |
| ၂၉၆ | မန္တလေး | တောင်သာချောင်းနား | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းထောင်ထားမှု |
| ၂၉၇ | မန္တလေး | ပုသိမ်ကြီး၊ လိမ်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းထောင်ထားမှု |
| ၂၉၈ | မန္တလေး | ကျောက်ဆည်၊ သင်ပျိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းထောင်ထားမှု |
| ၂၉၉ | မန္တလေး | တောင်သာ၊ နန်းတည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀၀ | မန္တလေး | နွားထိုးကြီး၊ လက်ဝဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀၁ | မန္တလေး | တံတားဦး မြင်းသည်ကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၂ | မန္တလေး | စဉ့်ကူး သဲအင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၃ | မန္တလေး | စဉ့်ကူး ရွှေဘယက်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၄ | မန္တလေး | တံတားဦး၊ မြေငူကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀၅ | မန္တလေး | ပြည်ကြီးတံခွန် (ဂ)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၆ | မန္တလေး | အမရပူရ စာတော်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၇ | မန္တလေး | ချမ်းမြသာစည် မြရည်နန္ဒာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၈ | မန္တလေး | ချမ်းမြသာစည် အောင်သာယာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၉ | မန္တလေး | ငါးဇွန်မြို့၊ ခေါင်းဘိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၀ | မန္တလေး | ဝမ်းတွင်း ကြို့ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၁ | မန္တလေး | ဝမ်းတွင်း ဖလန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၂ | မန္တလေး | ဝမ်းတွင်း နဘဲကန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၃ | မန္တလေး | ငါန်းဇွန် ရွှေတောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၄ | မန္တလေး | ပုသိမ်ကြီး ရေလောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၅ | မန္တလေး | တံတားဦး၊ နွားခြံကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၆ | မန္တလေး | တောင်သာ အနောက်ချောင်းဆုံကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၇ | မန္တလေး | မဟာအောင်မြေ၊ ဒေးဝန်းအရှေ့ရပ်ကွက် | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၈ | မန္တလေး | ကျောက်ပန်းတောင်း၊ ကျောက်စစ်ကန် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၉ | မန္တလေး | ဝမ်းတွင်း၊ ဆူပန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂၀ | မန္တလေး | ဝမ်းတွင်း၊ သုံးထောင့်အိုင်ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂၁ | မန္တလေး | ဝမ်းတွင်း၊ အိုင်သာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂၂ | မန္တလေး | ဝမ်းတွင်း၊ ရွှဲသီးကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၂၃ | မန္တလေး | နွားထိုးကြီး မာန်လည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု |
| ၃၂၄ | မန္တလေး | အမရပူရ သရက်တန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု |
| ၃၂၅ | မန္တလေး | မြင်းခြံ ပျော်ခင်းသာရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၆ | မန္တလေး | ညောင်ဦး တောင်ရှေ့ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၇ | မန္တလေး | မလှိုင်၊ ကူခွဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၈ | မန္တလေး | ညောင်ဦး ဝါးခင်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၉ | မန္တလေး | စဉ့်ကူး၊ ဝါးဘိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၃၃၀ | မန္တလေး | ဝမ်းတွင်း၊ သခွပ်မြင့်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၃၃၁ | မန္တလေး | ငါန်းဇွန်၊ ရွှေပြည့်ရှင်ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၃၃၂ | မန္တလေး | ငါန်းဇွန်၊ ကုသကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၃၃ | မန္တလေး | ကျောက်ပန်းတောင်း စင်မြင့်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်း ၂ လုံး တွေ့ရှိမှု |
| ၃၃၄ | မန္တလေး | မြစ်သား ပြည်လုံးအေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၅ | မန္တလေး | မတ္တရာ ရှမ်းရွာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |

*စာမျက်နှာ ၂၁ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၂-၂၀၂၁ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sport Info
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ
**၀၉:၃၀** ခေတ်အလိုက်ကြေးမုံပြင်
**၁၀:၃၀** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများ ဆီသို့
**၁၁:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း 'နေညိုချိန်ခရီးဝယ်'
**၁၁:၃၅** တိုင်းရင်းသားရိုးရာအစားအစာများ
**၁၃:၃၀** MRTV National News
**၁၄:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၂၃)
**၁၅:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်၏ဝေဒ'
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၆:၄၅** ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၀** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၃၀** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသိရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ ရှို့ဝှက်ချက်' (အပိုင်း-၄၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သားသားတို့အငြိမ့်

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:27** Global Partnership for Brighter Future: Switzerland Pavilion at Expo 2020 Dubai
**07:36** Great Shwedagon - The Historic Bells
**07:48** A Happy Visit to Zoological Garden (Nay Pyi Taw)
**08:01** Weekly Review
**08:16** Mulberry Art Painting: Muu Muu
**08:32** Traditional Chin Clothes
**08:37** Introductory Programme of Literary Award Winners (U Ye Dway)
**09:01** Myanmar Designer Studio: Naw Naw
**09:17** One of the Useful Purposes of Bamboo
**09:26** Myanmar's Beauty and Nature "Beach"
**10:01** Talent Show on a Maze of Xylophones

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးချဉ်ဟင်းရည်နှင့် ရိုးရာအထောင်း

**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွေညီနောင်များ ဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၀)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ထမင်းရည်ရဲ့အကျိုးကျေးဇူး

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှ ရိုးရာအလှ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
စီးပွားဖြစ်လာသည့် ချင်းရိုးရာအထည်လုပ်ငန်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကြိုတ်အေတွိ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာဆွမ်းတော်ကြီးတင်ပွဲ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဗိုလ်ကမ်းခြေသို့ အလည်သွားကြမယ်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခဒူးရိုးရာဝတ်စားဆင်ယင်ပုံ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ဆူဇူကီးဖလားပြိုင်ပွဲ ဒီဇင်ဘာ ၅ ရက် စတင်မည်
# ပထမနေ့တွင် မြန်မာနှင့် စင်ကာပူ၊ တီမောနှင့် ထိုင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၃

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်တွင် စင်ကာပူနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲပထမနေ့တွင် မြန်မာနှင့် စင်ကာပူ၊ တီမောနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည် ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းကျင်းပရခြင်းဖြစ်သည်။



မြန်မာနှင့် စင်ကာပူအသင်း ၂၀၁၄ ဆူဇူကီးဖလားပြိုင်ပွဲတွင် တွေ့ဆုံယှဉ်ပြိုင်စဉ်။

ပြိုင်ပွဲပထမနေ့အဖြစ် ဒီဇင်ဘာ ၅ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် တီမောအသင်းနှင့် ထိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာနှင့် အိမ်ရှင် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ပွဲတိုင်းအရေးပါလျက်ရှိသည်။ အုပ်စုပွဲများကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာပါဝင်သော အုပ်စု(က) ပွဲစဉ်များကို အမျိုးသားအားကစားကွင်း၊ အုပ်စု (ခ)ပွဲစဉ်များကို ဘစ်ရှန်ကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမော၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲကစားရမည့် စင်ကာပူအသင်းနှင့် ဆူဇူကီးဖလားပြိုင်ပွဲတွင် ၂၀၁၄ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့ကာ လေးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဆူဇူကီးဖလားပြိုင်ပွဲ၌ တွေ့ဆုံခြင်းဖြစ်ပြီး ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ခြေစမ်းပွဲများတွင်သာ တွေ့ဆုံခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လက နောက်ဆုံး တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ယခုယှဉ်ပြိုင်မည့် စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်းတွင် ခြေစမ်းပွဲကစားခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဆူဇူကီးပြိုင်ပွဲအတွက် အောက်တိုဘာလဆန်းပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာလကုန်ပိုင်းမှ နိုဝင်ဘာလကုန်ပိုင်းအထိ တူရကီနိုင်ငံတွင် သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- beritasatu**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁၂ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၇၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၇၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၂၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၆၀ ကျပ် | ၁၂၃၀/၁၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၄၅/၁၂၇၀ ကျပ် | ၁၂၄၅/၁၂၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၉၅/၁၃၂၀ ကျပ် | ၁၂၉၅/၁၃၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၀ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၉၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၀၅ | ၂၄၃၀၆၉၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၅၄၀ | ၁၇၀၁၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂ | ၁၆၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀ | ၅၆၀၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁၂ | ၃၅၄၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၈ | ၁၄၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ် ၃၆၀ ပျက်စီးဆုံးရှုံးခဲ့ရ

နေပြည်တော် ဒီဇင်ဘာ ၃

**CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအားလုယက်ခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နေအိမ် ၃၆၀ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-**

### ၁-၂-၂၀၂၂ ရက်မှ၂၀-၁၁-၂၀၂၂ ရက်အထိ အကြမ်းဖက်သမားများကြောင့် ပုဂ္ဂလိကလူနေအိမ်ပျက်စီးဆုံးရှုံးမှု

*(ယမန်နေ့မှအဆက်)*

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင် မြို့နယ် | နေအိမ်အဆောက်အဦ အခင်းဖြစ်နေရာ | ဖြစ်စဉ် အကျဉ်း |
|---|---|---|---|---|---|
| ၂၂၆ | ၇-၉-၂၀၂၂ | မန္တလေး | စဉ့်ကူး | ကျည်ထောက်ပေါက်ကျေးရွာတာဝန်ခံနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၇ | ၇-၉-၂၀၂၂ | မန္တလေး | စဉ့်ကူး | လက်ပံလှကျေးရွာ၊ရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၈ | ၇-၉-၂၀၂၂ | မွန် | သိမ်ဇရပ် | မုပ္ပလင်ကျေးရွာ၊ ဈေးတန်းရပ်၊ အုပ်ချုပ်ရေးမှူးဟောင်းနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၉ | ၇-၉-၂၀၂၂ | မကွေး | ရေစကြို | ကျောက်ဖူးကျေးရွာ | နေအိမ်အဆောက်အဦများ အကြမ်းဖက်ဖျက်ဆီးမှု။ |
| ၂၃၀ | ၈-၉-၂၀၂၂ | စစ်ကိုင်း | မြင်းမူ | ဘုရင့်နောင်ရပ်ကွက်၊ပိတောက်လမ်း၊ ပြည်ခိုင်ဖြိုးပါတီ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်းနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၁ | ၈-၉-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | အမရဋ္ဌာနီ(အရှေ့)ရပ်၊ ၈၆လမ်းနှင့်၈၇လမ်းနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၂ | ၈-၉-၂၀၂၂ | ဧရာဝတီ | ရေကြည် | ဇရပ်လှကျေးရွာနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၃ | ၈-၉-၂၀၂၂ | ဧရာဝတီ | ဟင်္သာတ | သုံးပင်ရပ်ကွက်နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၄ | ၉-၉-၂၀၂၂ | စစ်ကိုင်း | ကနီ | ဇီးပင်တွင်းကျေးရွာ၊ရစဖမှူးနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၃၅ | ၉-၉-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | တံခွန်တိုင်ရပ်ကွက်၊ရေသန့်စမ္မာရုံလမ်းရှိနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၆ | ၂-၉-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | (ဂ)ရပ်ကွက်၊ ၆၈(B)နှင့်(C)လမ်းကြားရှိ ရစဖမှူးအိမ် | သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်မှု။ |
| ၂၃၇ | ၂-၉-၂၀၂၂ | မန္တလေး | မြစ်သား | အမှတ်(၁)အေးသာယာရပ်ကွက်၊ ရစဖမှူးနေအိမ် | လက်လုပ်အသံဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၈ | ၁၀-၉-၂၀၂၂ | တနင်္သာရီ | ထားဝယ် | အညာဖျားကျေးရွာရှိရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၃၉ | ၁၀-၉-၂၀၂၂ | စစ်ကိုင်း | မင်းကင်း | မအူကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၄၀ | ၁၁-၉-၂၀၂၂ | မကွေး | ပခုက္ကူ | ၁၄ရပ်ကွက်၊ ရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၄၁ | ၁၁-၉-၂၀၂၂ | မကွေး | ရေစကြို | ၄ရပ်ကွက်၊ထွေ/အုပ် အငယ်တန်းစာရေးနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၄၂ | ၁၁-၉-၂၀၂၂ | မွန် | ရေး | မော့ကနင်ကျေးရွာနေအိမ် | သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်မှု။ |
| ၂၄၃ | ၁၁-၉-၂၀၂၂ | ရန်ကုန် | သန်လျင် | အောင်ချမ်းသာရပ်ကွက်၊ ရာအိမ်မှူးနေအိမ်ရှေ့ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၄၄ | ၁၁-၉-၂၀၂၂ | ဧရာဝတီ | မော်လမြိုင်ကျွန်း | ကျော်ဇံကျေးရွာ၊ ရစဖမှူးနေအိမ်ရှေ့ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၄၅ | ၁၂-၉-၂၀၂၂ | စစ်ကိုင်း | ကလေး | ကျောက်ပြတ်ကျေးရွာ၊ နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၄၆ | ၁၂-၉-၂၀၂၂ | မန္တလေး | စဉ့်ကိုင် | မြို့မရပ်ကွက်၊နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၄၇ | ၁၂-၉-၂၀၂၂ | မန္တလေး | စဉ့်ကိုင် | မြို့မရပ်ကွက်၊စာရင်းစစ်ဝန်ထမ်း(ငြိမ်း)နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၄၈ | ၁၂-၉-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | အမှတ်(၄၃)၊လူနေထိုင်ခြင်းမရှိသည့်နှစ်ထပ်အိမ် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၄၉ | ၁၃-၉-၂၀၂၂ | စစ်ကိုင်း | ကောလင်း | ဈေးရုံဗိုလ်တဲရပ်ကွက်၊ ရဲအရာခံ(ငြိမ်း)နေအိမ် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၀ | ၁၃-၉-၂၀၂၂ | စစ်ကိုင်း | ချောင်းဦး | အမြင့်ကျေးရွာ၊မြို့ကုန်းရပ်ကွက်၊နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၅၁ | ၁၃-၉-၂၀၂၂ | စစ်ကိုင်း | မြောင် | ကျောက်ရစ်ကျေးရွာ၊နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၅၂ | ၁၃-၉-၂၀၂၂ | မကွေး | ထီးလင်း | (၂)ရပ်ကွက်ရှိမစဖမှူး (ထီးလင်း)နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၃ | ၁၃-၉-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | အောင်ပင်လယ်ရပ်ကွက်၊၄၅နှင့်၄၆လမ်းကြား၊ ၁၀၈/Eလမ်းရှိနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၄ | ၁၃-၉-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | အောင်ပင်လယ်ရပ်ကွက်၊၁၀၅(အေ)၊နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၅ | ၁၄-၉-၂၀၂၂ | နေပြည်တော် | ဇမ္ဗူသီရိ | ရွှေကြာပင်ရပ်ကွက်နေအိမ် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၆ | ၁၄-၉-၂၀၂၂ | စစ်ကိုင်း | ပုလဲ | မင်းတိုင်ကျေးရွာ၊ရစဖမှူးဟောင်းနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၅၇ | ၁၄-၉-၂၀၂၂ | မန္တလေး | စဉ့်ကူး | အမှတ်(၁)ရပ်ကွက်၊ မြတ်မိခင်ဘော်ဒါဆောင် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၈ | ၁၅-၉-၂၀၂၂ | မွန် | ဘီးလင်း | ဇုတ်သုတ်ကျေးရွာ၊ ယာယီရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၅၉ | ၁၅-၉-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | ကိုးတောင်ဘို့ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၀ | ၁၆-၉-၂၀၂၂ | စစ်ကိုင်း | ချောင်းဦး | မြို့သစ်ရပ်ကွက်ရှိ (စစ်မှုထမ်းဟောင်း)နေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၁ | ၁၆-၉-၂၀၂၂ | စစ်ကိုင်း | တန့်ဆည် | ဝါးရင်ငယ်ကျေးရွာ၊ ရစဖမှူးဟောင်းနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၆၂ | ၁၆-၉-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | ရန်ကင်းအောင်ရပ်ကွက် ရာအိမ်မှူးနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၃ | ၁၆-၉-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | မြို့မရပ်ကွက်၊ ရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၄ | ၁၆-၉-၂၀၂၂ | မကွေး | ကံမ | ကျောက်စောင်းကျေးရွာ ရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၅ | ၁၇-၉-၂၀၂၂ | မကွေး | ကံမ | ရွာသာရွာကျေးရွာ | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၆ | ၁၇-၉-၂၀၂၂ | မကွေး | အောင်လံ | ရွာထောင်ရပ်ကွက် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၇ | ၁၇-၉-၂၀၂၂ | ပဲခူး | ဝေါ | အေးချမ်းသာယာရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၈ | ၁၉-၉-၂၀၂၂ | မန္တလေး | မြင်းခြံ | (၉)ရပ်ကွက်နေအိမ်ရှေ့ | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၆၉ | ၂၁-၉-၂၀၂၂ | တနင်္သာရီ | လောင်းလုံး | ကမြောကင်းကျေးရွာ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၀ | ၂၁-၉-၂၀၂၂ | မန္တလေး | သပိတ်ကျင်း | ဖက်ရှည်ကျေးရွာ | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၁ | ၂၂-၉-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ကန်ကောက်ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၂ | ၂၃-၉-၂၀၂၂ | စစ်ကိုင်း | တန့်ဆည် | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၇၃ | ၂၃-၉-၂၀၂၂ | စစ်ကိုင်း | ပုလဲ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၇၄ | ၂၄-၉-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | ရီဒွေးကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၇၅ | ၂၄-၉-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | ဇင်းကျေးရွာ | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၆ | ၂၄-၉-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်(၄)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၇ | ၂၄-၉-၂၀၂၂ | ဧရာဝတီ | ညောင်တုန်း | (၄)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၈ | ၂၇-၈-၂၀၂၂ | ပဲခူး | ပဲခူး | နန်းတော်ရာရပ်ကွက်၊ အင်း၀ ၁၃ လမ်းရှိ ရာအိမ်မှူး၏နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၇၉ | ၂၇-၈-၂၀၂၂ | မွန် | ကျိုက်ထို | ပျဉ်းကတိုးကျေးရွာနေအိမ်အတွင်း | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၂၈၀ | ၂၉-၉-၂၀၂၂ | မကွေး | ရေစကြို | အမှတ်(၅)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၁ | ၃၀-၉-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | အိမ်အမှတ်(၁၀/၂၃)နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၂ | ၃၀-၉-၂၀၂၂ | ရန်ကုန် | သဃ်္ဃန်းကျွန်း | (၂၅)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၃ | ၁-၁၀-၂၀၂၂ | ကချင် | ဖားကန့် | Mytelဆက်သွယ်ရေးဝန်ထမ်း၏ နေအိမ် | လက်လုပ်အသံဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၄ | ၁-၁၀-၂၀၂၂ | စစ်ကိုင်း | ထီးချိုင့် | အလယ်တောကျေးရွာနေ ကျောင်းဆရာမနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၅ | ၁-၁၀-၂၀၂၂ | မွန် | ကျိုက်ထို | ရေကျော်ကျေးရွာနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၆ | ၂-၁၀-၂၀၂၂ | စစ်ကိုင်း | ပုလဲ | တနယ်ကျေးရွာနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၈၇ | ၂-၁၀-၂၀၂၂ | စစ်ကိုင်း | မင်းကင်း | တောင်ကုန်းကျေးရွာနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၈၈ | ၂-၁၀-၂၀၂၂ | မကွေး | ရေစကြို | အမှတ်(၈)ရပ်ကွက်နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၈၉ | ၄-၁၀-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | အင်းလယ်ကြီးကျေးရွာ ကျောင်းအုပ်၏နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၀ | ၆-၁၀-၂၀၂၂ | ပဲခူး | ပဲခူး | ပုဏ္ဏားစုရပ်ကွက်နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၁ | ၇-၁၀-၂၀၂၂ | စစ်ကိုင်း | မြောင် | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၉၂ | ၈-၁၀-၂၀၂၂ | ပဲခူး | တောင်ငူ | (၁၂)ရပ်ကွက်နေအိမ် | လက်လုပ်အသံမိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၃ | ၉-၁၀-၂၀၂၂ | မန္တလေး | ကျောက်ဆည် | လက်ပန်ကျေးရွာနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၄ | ၉-၁၀-၂၀၂၂ | မွန် | ကျိုက်ထို | နေအိမ်ခြံဝင်း | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၅ | ၉-၁၀-၂၀၂၂ | စစ်ကိုင်း | တန့်ဆည် | ဒေါင့်ကြီးကျေးရွာနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၉၆ | ၁၀-၁၀-၂၀၂၂ | မကွေး | မြိုင် | နေအိမ် | လက်လုပ်အသံဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၇ | ၁၀-၁၀-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | (၅)ရပ်ကွက် နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၈ | ၁၁-၁၀-၂၀၂၂ | မွန် | ချောင်းဆုံ | ရစဖမှူးနေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၂၉၉ | ၁၂-၁၀-၂၀၂၂ | စစ်ကိုင်း | ခင်ဦး | ညောင်ပင်ကြီးစု ကျေးရွာ နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၃၀၀ | ၁၂-၁၀-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ဟေမာဇလရပ်ကွက် နေအိမ် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၃၀၁ | ၁၃-၁၀-၂၀၂၂ | ရှမ်း | မူဆယ် | ဖော်ကျုံးကျေးရွာ လူနေအိမ် | လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၃၀၂ | ၁၄-၁၀-၂၀၂၂ | မန္တလေး | မြစ်သား | ကူမဲမြို့ နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၃၀၃ | ၁၄-၁၀-၂၀၂၂ | မကွေး | စလင်း | နေအိမ်ဈေးဆိုင် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၃၀၄ | ၁၄-၁၀-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | ထိန်တောကျေးရွာ နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
